# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။
သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။
ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို
မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၉၃)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၂၀၁၇ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

**နိုင်ငံသူ နိုင်ငံသားများခင်ဗျား-**

နှစ်သစ်မင်္ဂလာအခါသမယမှာ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**နိုင်ငံသူ နိုင်ငံသားများခင်ဗျား-**

နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၆ ခုနှစ်အတွင်း တာဝန်ယူခဲ့တဲ့ (၉)လတာကာလတစ်လျှောက်မှာ တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒများဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်ရေး၊ ပြည်သူတို့ရဲ့လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

အခုအခါမှာတော့ ဖော်ပြခဲ့တဲ့မူဝါဒများ အောင်မြင်ရေးအတွက် အခြေခံအနေအထားတွေကို ပျိုးထောင်တည်ဆောက်နိုင်ခဲ့ပြီဖြစ်တဲ့အတွက် လာမယ့် ၂၀၁၇ ခုနှစ် နှစ်သစ်အတွင်းမှာ ဒီမူဝါဒတွေ ပီပြင်စွာအကောင်အထည်ပေါ်လာဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။

**နိုင်ငံသူ နိုင်ငံသားများခင်ဗျား-**

သမိုင်းကြောင်းကိုပြန်ပြောင်းကြည့်မယ်ဆိုရင် နိုင်ငံသူ နိုင်ငံသားတွေ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြတဲ့ အခါတိုင်းမှာ တိုင်းပြည်အတွက် ကြီးမားတဲ့ အကျိုးကျေးဇူးတွေ ခံစားရစမြဲဖြစ်တယ်ဆိုတာ တွေ့ရှိကြရမှာဖြစ်ပါတယ်။ ထင်ရှားတဲ့ သာဓကတစ်ခုကတော့ ၁၉၄၇ ခုနှစ်မှာ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်တဲ့ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး အဲဒီညီညွတ်မှုရဲ့ ရလဒ်အဖြစ် မြန်မာ့လွတ်လပ်ရေး ရရှိနိုင်ခဲ့တာဖြစ်ပါတယ်။

အခုအခါမှာလည်း (၂၁)ရာစုပင်လုံညီလာခံကအစပြုပြီး တိုင်းရင်းသားပြည်သူအများ လိုလားတောင့်တတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိတာ အများအသိပဲဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီစနစ်ဟူသည် အများပြည်သူတို့ရဲ့ ပူးပေါင်းပါဝင်မှုဖြင့်သာ အောင်မြင်နိုင်တာဖြစ်လို့ အခုလို ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာလည်း နိုင်ငံသူ နိုင်ငံသားအားလုံးတို့က ဒီမိုကရေစီစိတ်ဓာတ် ပြည့်ဝစွာနဲ့ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားညီအစ်ကို မောင်နှမများ နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝနိုင်ကြပါစေ။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်

# ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ၂၀၁၇ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ၂၀၁၇ ခုနှစ် နှစ်သစ်အခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိပြီး ငြိမ်းချမ်းရေးရရှိတာနှင့်အမျှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ပြီး အဲဒီအသီးအပွင့်တွေကို တိုင်းရင်းသားပြည်သူအားလုံး မျှမျှတတ ခံစားရပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၁၇ ခုနှစ် နှစ်သစ်အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့်တကွ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူအားလုံး ရွှင်လန်းဝမ်းမြောက်ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုနှစ်သစ်ဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းတွေ သယ်ဆောင်လာမှာဖြစ်သလို စိန်ခေါ်မှုတွေကိုလည်း မျှော်လင့်ထားကြရဦးမှာ ဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းခြင်းဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်တာနဲ့အညီ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးကို ပြည်သူအားလုံးက စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းတည်ဆောက်ကြဖို့နဲ့ ဒီမိုကရေစီဖက်ဒရယ် နိုင်ငံတော်ကြီး

*စာမျက်နှာ ၄ ကော်လံ ၁* ❁

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ


## ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်း ကိုယ်စားလှယ်တော်ကြီးများနှင့်သုံးစွဲသူမိဘပြည်သူများ၊ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ၂၀၁၇ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# မျှော်လင့်ချက်များကို အလုပ်ဖြင့်ပံ့ပိုး

ယနေ့သည် ခရစ်နှစ် ၂၀၁၇ ပြက္ခဒိန်နှစ်သစ်၏ ပထမဆုံးနေ့ရက်ဖြစ်သည်။ ၂၀၁၆ ခုနှစ်သည် အတိတ်တွင်ကျန်ရစ်ခဲ့ပြီ။ ၂၀၁၆ ခုနှစ်သည် မိမိတို့ ဖြတ်သန်းခဲ့ပြီးသည့်နှစ်ဟောင်းတစ်ခုဖြစ်ခဲ့ပြီ။ နှစ်ဟောင်းတွင် စံချိန်တင် ပူပြင်းခြောက်သွေ့မှု၊ မုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှု၊ မြေငလျင် စသော သဘာဝဘေးဒုက္ခကပ်များကို ကြုံတွေ့ခဲ့ရသကဲ့သို့၊ ရှမ်းမြောက်ဒေသနှင့် ရခိုင်မြောက်ပိုင်းဒေသတို့တွင်လည်း စစ်မက်ဘေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုတို့ကဲ့သို့သော စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ကြရသည်။

၂၀၁၆ ခုနှစ်အတွင်း နိုင်ငံတကာဆက်ဆံရေးတွင်မူ မြန်မာနိုင်ငံသည် မိမိ၏အခန်းကဏ္ဍကို ပြန်လည်ရရှိနိုင်ခဲ့ပြီး ကမ္ဘာ့စင်မြင့်ပေါ်သို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သည်။ အမေရိကန်က ဆယ်စုနှစ်များနှင့်ချီ၍ မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းသွားခဲ့ပြီး ကုန်သွယ် ရေးဆိုင်ရာ အထူးခံစားခွင့် (GSP) ကို ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါ အထူးခံစားခွင့်ကြောင့် မြန်မာ့ထုတ်ကုန်ပစ္စည်း အမည် ၅၀၀၀ ခန့်မှာ အမေရိကန်နိုင်ငံသို့တင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့်ကို ရရှိခဲ့သည်။ မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်း (သို့မဟုတ်) ငွေကြေးလွှဲပြောင်းမှု လုပ်ငန်းများနှင့်ပတ်သက်သည့် ကန့်သတ်ချက်များကိုလည်း ဖယ်ရှားခဲ့သည်။

"နှစ်သစ်ကူးများတွင် တူညီသောကိစ္စသည် နှစ်သစ်ကူး၌လူအများ၏ မျှော်လင့်ချက်များ ပြန်လည်လန်းဆန်းလာကြပါကြောင်း၊ ပြီးခဲ့သောနှစ်က မဖြစ်ခဲ့သည်များကို ယခုနှစ်တွင်ဖြစ်မြောက်အောင်လုပ်ဆောင်မည်ဆိုသည့် မျှော်လင့်ချက်သည် လူသားတိုင်း၏ သဘာဝဖြစ်ပါကြောင်း၊ မျှော်လင့်ချက်ကို အလုပ်နှင့်မပံ့ပိုးပါက အသီးအပွင့်မဖြစ်လာနိုင်ပါကြောင်း၊ မျှော်လင့်ချက်များ အမှန်တကယ်ထိရောက်အောင် အကောင်အထည်ဖော်နိုင်ရန်လည်း မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးစားရမည်ဖြစ်ပါကြောင်း" နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ကရင်အမျိုးသားနေ့အခမ်းအနား မိန့်ခွန်းပြောကြားရာတွင်ထည့်သွင်းပြောကြားခဲ့သည်။

ဆိုခဲ့သည့်အတိုင်းပင် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များ၊ နိုင်ငံတစ်ဝန်း အေးချမ်းသာယာရေးလုပ်ငန်းစဉ်များ၊ ပြည်သူများ၏ နေ့စဉ်ဘဝလုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်းစဉ်များမှာ နှစ်သစ်တွင်လည်း မိမိတို့ဆက်လက်၍ အလုပ်ဖြင့် ပံ့ပိုးကြရမည့် မျှော်လင့်ချက်များ၊ ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည့် လုပ်ငန်းများပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ရာသီဥတုဖောက်ပြန်မှုအများဆုံးနှင့် သဘာဝဘေးကျရောက်နိုင်ခြေ အမြင့်မားဆုံး ၁၀နိုင်ငံတွင် အပါအဝင်ဖြစ်နေသည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ယနေ့မှစ၍ဖြတ်သန်းကြရမည့် ၂၀၁၇ ခုနှစ်တစ်နှစ်တာအတွင်းမှာလည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရမည်လည်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်သည် နိုင်ငံတော်အစိုးရသစ်၏ တာဝန်များကို စတင်ထမ်းဆောင်ရသည့် အခြေခံနှစ်တစ်နှစ်ဖြစ်ခဲ့သည်။ လာမည့်တစ်နှစ်တာအတွင်း ရရှိလာမည့် အလားအလာကောင်းများနှင့်ရင်ဆိုင်ကြရမည့် စိန်ခေါ်မှုများကို ပြီးခဲ့သည့် တစ်နှစ်တာကာလ အတွေ့အကြုံများ၏ အားသာချက်၊ အားနည်းချက်များအပေါ် သင်ခန်းစာရယူကာ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အဓိကအရေးပါသည့်အချက်မှာ နိုင်ငံတော်အစိုးရသစ်က ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးဘက်စုံကဏ္ဍစုံပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များတွင် ပြည်သူလူထုတစ်ရပ်လုံးက ကျရာကဏ္ဍမှနေ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ပင်ဖြစ်ပါကြောင်း။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## နာရေးအခမဲ့ကူညီမှုအသင်းသို့ နိဗ္ဗာန်ယာဉ်လှူဒါန်း

**ညောင်ဦး ဒီဇင်ဘာ ၃၁**

ညောင်ဦးမြို့နယ်၌ ပုဂံမြန်မာကုမ္ပဏီများအုပ်စုနှင့် ရွှိုင်ရယ်ပုဂံဖောင်ဒေးရှင်းမှ ကရုဏာရှင်အခမဲ့ဆေးကုခန်းနှင့် နာရေးအခမဲ့ကူညီမှုအသင်းအတွက် နိဗ္ဗာန်ယာဉ်သုံးစီးနှင့် ပုဂံမြို့သစ်အတွက် နိဗ္ဗာန်ယာဉ်တစ်စီး စုစုပေါင်းလေးစီး လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ လောကနန္ဒာဆရာတော် ဘဒ္ဒန္တမေဃဃိယနှင့် နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် အလှူရှင်များက မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများပေးအပ်လှူဒါန်းခဲ့သည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၃၁-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာ သြဝါဒကထာ

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ နှစ်သစ်မင်္ဂလာ သြဝါဒကထာ



၁၃၇၈-၇၉ ခုနှစ်ရောက်မယ်၊ ခရစ်နှစ်ဆို ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာအနေဖြင့် ဆုတောင်းပတ္ထနာသဘောမျိုး ရွတ်ပါမယ်။ စကြဝဠာ အုပ်စုတွဲကြီးတွေကို အနန္တစကြဝဠာလို့ ခေါ်တယ်။ အနန္တစကြဝဠာဆိုတာ အဆုံးအပိုင်းအခြားမရှိ၊ စကြဝဠာအများကြီးကို ပြောတယ်။ စကြဝဠာတွေထဲမှာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေအများကြီး နေထိုင်ကြတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်သတ္တဝါတွေလည်း နေထိုင်ကြတယ်။ အဲဒီလို အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံခြောက်ထပ်၊ ဗြဟ္မာဘုံ ၂၀ ပေါင်းလိုက်ရင် ၃၁ ဘုံရှိတာ၊ ၃၁ ဘုံမှာရှိတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေ သတ္တဝါတွေ အများကြီး နေထိုင်ကြတယ်။

အဲဒီလိုရှိတဲ့ သတ္တဝါတွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပွားရတယ်။ မေတ္တာပွားမှ ဘေးအန္တရာယ်ကင်းတယ်။ သတ္တဝါတွေအားလုံး ကိုယ်လည်း ကျန်းမာ သူလည်းချမ်းသာ ကျန်းမာချမ်းသာကြတယ်။ မေတ္တာပွားရုံနဲ့မကဘူး၊ စကြဝဠာတွေ အမျိုးမျိုးရှိပြီးတော့ မေတ္တာပွားရတယ် စသည်ဖြင့် ပြောနိုင် ဆိုနိုင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်က သဗ္ဗညုဘုရားပဲရှိတာ၊ ဘုရားကမှ စွမ်းနိုင်တာ၊ ဘုရားကမှ ဉာဏ်ပညာဆိုတဲ့ သဗ္ဗညုတဉာဏ် အလုံးစုံသိတဲ့ဉာဏ် စကြဝဠာတွေ အကုန်လုံးသိတဲ့ဉာဏ်လည်း ရတယ်။ အဲဒါကြောင့် မြတ်စွာဘုရားသခင် ဟောကြားတော်မူတဲ့ တရားတော်တွေကို ကိုယ်တိုင်ကြိုးစားပြီး လိုက်နာရတယ်၊ ကျင့်သုံးရတယ်၊ ဘုရားစကား နားထောင်ရတယ်။

အသိဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်ကမှ လောကကြီး အကြောင်းတွေ အကုန်သိ၊ ကုသိုလ်တရားတွေလုပ်ရင် လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် ရောက်မယ်။ အကုသိုလ်လုပ်ရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ရောက်မယ်။ အဲဒီလို သိနိုင်တဲ့ ဉာဏ်ပညာရှိတာ ဘုရားပဲရှိတယ်။ အဲဒါကြောင့် ဘုရားဟောကြားတော်မူတဲ့ တရားတော်တွေအတိုင်း သူသူငါငါ လိုက်နာကျင့်သုံးကြရမယ်။ လိုက်နာမကျင့်သုံးဘဲ ဘုရားစကား နားမထောင်ရင် အကုသိုလ်ဖြစ်ပြီး သေလွန်တဲ့အခါ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်ဘုံကျတတ်တယ်။ အဲဒါကြောင့် ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး သီလလည်း လုံခြုံအောင်နေကြ။ မြန်မာနိုင်ငံမှာရှိတဲ့ ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ငါးပါးသီလ လုံအောင်နေကြ။ တစ်ဦးနဲ့တစ်ဦး မေတ္တာထားပြီး မေတ္တာပွားများကြ။ ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘေးဥပဒ်ရန်အသွယ်သွယ် ကင်းကြပါစေ။

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ နှစ်သစ်မင်္ဂလာ သြဝါဒကထာ

၂၀၁၇ ခုနှစ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သားများအတွက် မင်္ဂလာရှိသောနှစ်ဖြစ်ပါစေ၊ မင်္ဂလာဟူသည်မှာ စစ်မှန်သော ကြီးပွားတိုးတက်မှုဖြစ်သည်။ စစ်မှန်သော ကြီးပွားတိုးတက်မှုရရှိနိုင်ရန် ယုံကြည်ချက်ခိုင်မာခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ သုတပညာ ကျယ်ပြန့်စွာဆည်းပူးခြင်း၊ ကိုယ်ကျိုးစွန့်နိုင်ခြင်း၊ အမြော်အမြင်ကြီးမားခြင်းတို့သည် လိုအပ်သော အရည်အချင်းကောင်းများ ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သားအားလုံး ကြီးပွားချမ်းသာ ၂၀၁၇ ခုနှစ်ကို မင်္ဂလာနှစ်ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါကုန်။



## သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၏ နှစ်သစ်ကူးသြဝါဒ

ဒို့တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အင်အားကြီး (၄)ရပ် ညီညွတ်တဲ့အတွက်ကြောင့် စိတ်ပူပန်စရာမရှိပါဘူး။ နိုင်ငံတော်ကို ခြိမ်းခြောက်လာတဲ့ အန္တရာယ်တွေကို ကာကွယ်တဲ့နေရာမှာလည်း ဒီအင်အားကြီး(၄)ရပ်သာ ညီညွတ်နေမယ်ဆိုရင် အန္တရာယ်ဘယ်လောက်လာလာ ခုခံကာကွယ်နိုင်ကြမှာပဲ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓက အားလုံးညီညီညွတ်ညွတ်လုပ်ကြရင် ချမ်းသာမယ်တဲ့။ ကွဲကွဲပြားပြား လုပ်ရင်တော့ ချမ်းသာမှုမရနိုင်ဘူး၊ တိုးတက်မှုမရနိုင်ဘူး။ ဗုဒ္ဓပွင့်တာ ချမ်းသာပေမယ့် သံဃာတော်တွေ မညီညွတ်ရင် ဗုဒ္ဓသာသနာမှာ ချမ်းသာမှုမရနိုင်ဘူး။ မြတ်စွာဘုရား တရားဟောတာ ချမ်းသာတယ်လို့ ဘယ်လိုပဲပြောပြော တရားနာတဲ့ပုဂ္ဂိုလ်တွေ မညီညွတ်ရင် မချမ်းသာနိုင်ဘူး။ ဗုဒ္ဓနဲ့ ဓမ္မကို ကြည်ညိုကြတဲ့ ပြည်သူတွေရယ်၊ သံဃာတော်တွေရယ်၊ နိုင်ငံတော်အစိုးရရယ်၊ တပ်မတော်ရယ် ဒီလေးဦးက ကုလားထိုင်ကြီးမှာ လေးချောင်းထောက်သလို၊ တညီတညွတ်တည်းအားလုံး ကိုင်းကို ကျွန်းမှီသလို ကျွန်းကို ကိုင်းမှီပြီးတော့ အပြန်အလှန်မှီခိုပြီး သွားကြမယ်ဆိုရင် ဒို့တိုင်းပြည်အတွက် ဒုက္ခရောက်စရာ ဘာမှ



မရှိဘူး။ ဒို့တိုင်းပြည်အတွက် ကြီးပွားတိုးတက်ဖို့နဲ့ အန္တရာယ်မှန်သမျှကို ကာကွယ်နိုင်ဖို့ပဲဖြစ်မှာပါ။ ဒါကြောင့် အားလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ နှစ်သစ်မှာ ဆုတောင်းပါတယ်။



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ယခုဆိုရင် ၂၀၁၆ ခုနှစ် ကုန်ဆုံးလို့ ၂၀၁၇ နှစ်သစ်အခါသမယကို ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ဟာထူးခြားတဲ့ဖြစ်စဉ်ဖြစ်ရပ်များနဲ့ ကျော်လွှားခဲ့ရတာကိုလည်း တွေ့ရပါတယ်။ ပထမအချက်အနေနဲ့ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဦးဆောင်တဲ့အစိုးရ ပြောင်းလဲတာဝန်ယူခဲ့ပြီး ဒီလုပ်ငန်းစဉ်တွေအောင်မြင်အောင် တပ်မတော်က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြောင့် ကချင်ပြည်နယ်အချို့ဒေသ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ရပြီး ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်လာတဲ့အတွက် တပ်မတော်က အသက်သွေးချွေးများစွာပေးဆပ်ပြီး တည်ငြိမ်အေးချမ်းအောင် ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထုရဲ့အသက် အိုးအိမ်စည်းစိမ်နဲ့အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်အစိုးရရဲ့ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုတွေကို ကာကွယ်ပေးဖို့တာဝန်ရှိတဲ့အတိုင်း တပ်မတော်က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကိုလည်း စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ဒါတွေအားလုံးဟာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် အောင်မြင်ခဲ့တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်ကာလမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံကြီးပေါ်ထွန်းရေးတို့အတွက် တပ်မတော်အနေနဲ့ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒါတွေအားလုံးကိုလည်း ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးပါလို့လည်း နှိုးဆော်လိုပါတယ်၊ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းအပ်ပါတယ်ခင်ဗျာ။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၃၁** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၌ ၅ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့၌ ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မိုင်းဆတ်မြို့၌ ၀ ဒသမ ၀၄ လက်မဖြစ်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ (မိုး/ဇလ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ၂၀၁၇ ခုနှစ် နှစ်သစ်ကူးမင်္ဂလာ နှုတ်ဆက်စကား



ချစ်ခင်လေးစားရပါသော တိုင်းရင်းသားပြည်သူများအားလုံး ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာမေတ္တာပို့သအပ်ပါတယ်။

ယနေ့အချိန်အခါဟာ တိုင်းရင်းသားပြည်သူများရဲ့ဆန္ဒနဲ့အညီ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသောကာလဖြစ်၍ မိမိတို့မျှော်မှန်းတဲ့ ဒီမိုကရေစီ ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိရန် တိုင်းရင်းသားပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးတို့အတွက် တိုင်းရင်းသားပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ အတူလက်တွဲ၍ ဆောင်ရွက်ကြရမယ့်အချိန်အခါလည်း ဖြစ်ပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆက်လက်ရှင်သန်နိုင်ဖို့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့အတွက် မပြတ်သောသတိ၊ မလျှော့သောလုံ့လ၊ ဝီရိယနဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားထုတ်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံးတို့ရဲ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်ထောင်စုကြီးနှင့် အနာဂတ်မျိုးဆက်များအတွက် မိမိတို့က ဘယ်ပုံဘယ်နည်းနဲ့ စွမ်းဆောင်ပေးနိုင်ကြမလဲဆိုတဲ့ စိတ်သစ်၊ လူသစ်ကို နှစ်သစ်မှာ မွေးမြူနိုင်ကြပါစေလို့ ဆန္ဒပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ၂၀၁၇ နှစ်သစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက်လွှာ



ချစ်ခင်လေးစားရပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး နှစ်ဟောင်းမှသည် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိပြီဖြစ်တဲ့ နှစ်သစ်ကူး အခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး နှုတ်ခွန်းဆက်သလိုက်ပါတယ်။

နှစ်တစ်နှစ်ကို ကျော်ဖြတ်ခဲ့ရာ နှစ်ဟောင်းတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ပြီး နှစ်ဟောင်း၏ မကောင်းသည်များကို စွန့်ပယ်၍ သင်ခန်းစာယူကာ နှစ်သစ်အချိန်ကာလမှစတင်ပြီး လုပ်ဆောင်ဖွယ်ရာကိစ္စမှန်သမျှကို မိမိတို့၏ စိတ်ရင်းစေတနာမှန် ဆန္ဒမှန်ဖြင့် သဒ္ဓါတရားလက်ကိုင်ထားကာ ကိုယ်ကျင့်တရား ကောင်းမွန်စွာဖြင့် ကြိုးစားလုပ်ဆောင်သွားကြရမှာပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုသားအားလုံး၏ တူညီသောရည်မှန်းချက်ဖြစ်သည့် ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် မိမိတို့ရဲ့သံသယအာဃာတ အတ္တမာနများကို စွန့်ပယ်ကာ နှစ်သစ်မှာ စိတ်သစ်လူသစ် ခွန်အားသစ်များဖြင့် တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အတူတကွ ပူးပေါင်းပါဝင် လက်တွဲတည်ဆောက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ခရစ်နှစ် ၂၀၁၇ ခုနှစ်မှစ၍ သာယာချမ်းမြေ့သော ဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါတယ်။

# ဘာသာပေါင်းစုံ နှစ်သစ်ကူးဆုတောင်းစကားများ

တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့် ၊ ဓာတ်ပုံ-ဇော်မင်းလတ်

ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၏ နှစ်သစ်ကူး ဆုတောင်းစကားများကို စုစည်းဖော်ပြလိုက်ပါသည် -



မန်းစံသိန်းထွန်း (သိက္ခာတော်ရဆရာတော်) မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန် အသင်းချုပ်



ဂျွန်စောယောဟန် (လက်ထောက်ဆရာတော်) ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်အသင်းတော်



ဟာဂျီဦးအေးလွင်၊ အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ဆော်ဩရေးမှူး၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ဝင်



ဆဲမီဆမ်မြူရယ် မြန်မာနိုင်ငံ ဂျူးဘာသာအသင်း အဖွဲ့ချုပ်ခေါင်းဆောင်



ဦးထွန်းငြိမ်း မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် စာရင်းစစ်



ဦးဆန်းဝင်း (အဖွဲ့ဝင်) မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီ သာသနာပြုအဖွဲ့ချုပ်

**မန်းစံသိန်းထွန်း(သိက္ခာတော်ရဆရာတော်)**
**မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်**

၂၀၁၆ တစ်နှစ်လုံး ဘုရားသခင် ပို့ဆောင်ခဲ့တဲ့အတွက် ၂၀၁၇ နှစ်သစ်ကို ဝင်စားရတော့မယ်။ ကျွန်တော်တို့ ဘာသာရဲ့ ယုံကြည်ခံယူချက်ကတော့ နှစ်သစ်တိုင်းကို ဘုရားသခင်က အသစ်ပြင်ဆင်ပေးထားတယ်။ လူသစ်၊ စိတ်သစ်ပေ့ါ။

နှစ်သစ်ဆိုတာက အဟောင်းတွေ၊ မကောင်းတာတွေ၊ ဒုက္ခတွေ အကုန်လုံး ကျန်ခဲ့ရမယ့် အခြေအနေဖြစ်တဲ့အတွက် ၂၀၁၇ နှစ်သစ်မှာတော့ မြန်မာနိုင်ငံကြီးအတွက် အဓိကလိုအပ်တဲ့ ငြိမ်းချမ်းခြင်းတွေ၊ ငြိမ်သက်ခြင်းတွေ၊ ဝမ်းမြောက်ခြင်းတွေနဲ့ လူသားအားလုံးပျော်ရွှင်တဲ့ နှစ်တစ်နှစ်ဖြစ်ဖို့ ကျွန်တော်တို့အနေနဲ့ ဆုတောင်းပါတယ်။

**ဂျွန်စောယောဟန် (လက်ထောက်ဆရာတော်)**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်အသင်းတော်**

ကျွန်တော်တို့ လာမယ့် ၂၀၁၇ ခုနှစ်မှာ မြန်မာပြည်မှာရှိတဲ့ တိုင်းသူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းပြုပါတယ်။ လူတိုင်းလူတိုင်း ညီတူညီမျှ လူ့အခွင့်အရေးတွေ ရနိုင်ကြပါစေလို့ ဆန္ဒပြုတယ်။

ကျွန်တော်တို့ တိုင်းပြည်တိုးတက်ဖို့ စည်ပင်ဝပြောဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်ကနေ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် နိုင်ငံသူ နိုင်ငံသားတိုင်း ပါဝင်ကြိုးစားမယ်ဆိုရင် ကမ္ဘာ့အလယ်မှာ မြန်မာပြည်ကြီးဟာ ငြိမ်းချမ်းတဲ့ မြန်မာပြည်ကြီးဖြစ်မှာပါ။ ကျွန်တော်တို့အားလုံး တတ်နိုင်တဲ့ဘက်ကနေ ပါဝင်ကြိုးစားကြရအောင်လို့ ဖိတ်ခေါ်ပါတယ်။

**ဟာဂျီဦးအေးလွင်**
**အစ္စလာမ်ဓမ္မဗိမာန်ဦးဆောင်ဆော်ဩရေးမှူး၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ဝင်**

အဟောင်းအညစ်တွေကို အကောင်းအသစ်တွေနဲ့ နှစ်သစ်မှာပြောင်းပစ်မယ်။ ပြောင်းလဲတယ်ဆိုတဲ့ နေရာမှာလည်း ကျွန်တော်တို့ အစ္စလာမ်ဘာသာရဲ့ကျမ်းမြတ်ကိုရမ်ရဲ့စကားလေးတစ်ခု လက်ဆောင်ပါးချင်ပါတယ်။ "မိမိကိုယ်မိမိ မပြောင်းလဲတဲ့ကာလပတ်လုံး ဘုရားသခင်ကလည်း သင်တို့ရဲ့ ဘဝကို ပြုပြင်ပြောင်းလဲပေးမှာ မဟုတ်ပါဘူး" တဲ့ ။ အဲဒီတော့ ပြောင်းလဲခြင်းကို လိုချင်တဲ့လူတွေဟာ တစ်ဦးချင်းကနေ စပြောင်းပေးရပါမယ်။ ကျွန်တော်တို့ စိတ်နေစိတ်ထားတွေ၊ လုပ်ရပ်တွေကအစ ပြောင်းလဲလိုက်မယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံကြီးဟာ ကောင်းသောပြောင်းလဲခြင်းနဲ့ နှစ်သစ်ကို ကြိုဆိုနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာမှီတင်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံကလည်း နှစ်သစ်မင်္ဂလာမှာ ကောင်းချီးမင်္ဂလာအဖြာဖြာနဲ့ မြန်မာနိုင်ငံရဲ့ကျက်သရေရှိလှတဲ့ မတူညီမှုမှာ အားအဖြစ်ရှိနေတဲ့ စစ်မှန်သော မြန်မာ့အလှကိုလည်း ဖော်ကျူးနိုင်ကြပါစေလို့ နှစ်သစ်မင်္ဂလာစကားပြောကြားပါတယ်။

**ဆဲမီဆမ်မြူရယ်**
**မြန်မာနိုင်ငံ ဂျူးဘာသာအသင်းအဖွဲ့ချုပ်ခေါင်းဆောင်**

၂၀၁၇ ခုနှစ်အတွက် နှစ်သစ်စကားကတော့ ကျွန်တော်တို့ မြန်မာပြည်မှာ မှီတင်းနေထိုင်ကြတဲ့ ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံအားလုံးချစ်ခင်ရင်းနှီးစွာနဲ့ နှစ်ပေါင်းများစွာ ဆက်လက်နေနိုင်ကြပါစေလို့ ကျွန်တော်တို့ ဂျူးဘာသာအနေနဲ့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးထွန်းငြိမ်း**
**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် စာရင်းစစ်**

၂၀၁၇ မြန်မာနိုင်ငံ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံမှာရှိတဲ့ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ညီအစ်ကိုသဖွယ် ချစ်ခင်ရင်းနှီးစွာနဲ့ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းလုပ်ဆောင်နိုင်ပါစေလို့ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်အနေနဲ့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးဆန်းဝင်း (အဖွဲ့ဝင်)**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာပြုအဖွဲ့ချုပ်**

မကြာခင် ၂၀၁၇ နှစ်သစ်ကိုရောက်တော့မှာဖြစ်တာကြောင့် မြန်မာပြည်သူပြည်သားအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်တို့ အားလုံးစိတ်ထဲမှာရှိနေတာ ကမ္ဘာကြီးကို တိုးတက်ကောင်းမွန်ဖို့ပါ။ တိုးတက်ကောင်းမွန်ဖို့ ဘယ်လို ကြိုးစားဆောင်ရွက်ကြမလဲဆိုတဲ့အပိုင်းကလည်း အရေးကြီးပါတယ်။ ကမ္ဘာကြီး ပိုမိုကောင်းမွန်တဲ့ဘက်ကို ရွေ့လျားနိုင်ဖို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာပြုအဖွဲ့ချုပ်အနေနဲ့ အစဉ်ဆုတောင်းမေတ္တာပို့သနေပါတယ်ဆိုတာ ပြောချင်ပါတယ်။

❀ ရှေ့ဖုံးမှ

တည်ဆောက်ရေးမှာ အားလုံးပါဝင်ကူညီကြဖို့ နှိုးဆော်အပ်ပါတယ်။

နှစ်သစ်မင်္ဂလာအခါသမယမှာ ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက် သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

စာပေမြင့်မှ လူမျိုးတင့်မည်

## ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်လွှာ

# နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ၏ ၂၀၁၇ နှစ်သစ်ဆုတောင်း

**ရဲခေါင်ညွန့် / ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ- ဖိုးဇော်**

**နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၏ ၂၀၁၇ နှစ်သစ်ဆုတောင်းကို စုစည်းဖော်ပြလိုက်ပါသည် -**


ဦးဉာဏ်ဝင်း


ဦးသန်းငွေ


စောစေးဝါး

**ဦးဉာဏ်ဝင်း**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အတွင်းရေးမှူး**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာတဲ့ဘဝကို ရရှိပါစေလို့ ဆုတောင်းပါတယ်။ အခု ကြိုးစားဆောင်ရွက်နေတဲ့ တိုင်းပြည်ဖွံ့ဖြိုးရေးနဲ့ငြိမ်းချမ်းရေးလုပ်ငန်းတွေအပြင် မကြာခင်ပြုလုပ်တော့မယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း အောင်မြင်ချောမွေ့ပါစေလို့ ဆုတောင်းပါတယ်။

**ဦးသန်းငွေ (ဥက္ကဋ္ဌ)**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ဟာ နှစ်အစ ရက်မြတ်တစ်ရက်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို ကျရာနေရာကသယ်ပိုးချင်တဲ့စိတ်ထားကိုအခြေခံပြီး စေတနာအား၊ ပညာအား၊ စည်းလုံးညီညွတ်မှုအားတွေနဲ့ အတူတူ ပြည်သူနဲ့ လက်တွဲဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးအတွက် ပကတိကိုအခြေခံပြီး လက်တွေ့အကျိုးဖြစ်ထွန်းစေမယ့်လုပ်ငန်းစဉ်တွေ ဆောင်ရွက်သွားကြမှာပါ။ နှစ်သစ်မှာ ပြည်သူအားလုံးရဲ့အဓိကလိုအပ်ချက်ဖြစ်တဲ့ လွတ်လပ်မှု၊ တရားမျှတမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနဲ့ ဘဝလုံခြုံမှုများ ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးဟန်ရွှေ (ဒုတိယဥက္ကဋ္ဌ)**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

၂၀၁၇ နှစ်သစ်အတွက် ဆုတောင်းစကားကတော့ နံပါတ်တစ် ပြည်သူတွေ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးပါ။ ငြိမ်းချမ်းရေးက သွားနေပါတယ်။ ၂၀၁၇ မှာ တိုင်းရင်းသားတွေနဲ့အတူ အောင်အောင်မြင်မြင်တွေ့ဆုံပြီး ငြိမ်းချမ်းရေးရရှိပါစေလို့ ဆုတောင်းပါတယ်။ နံပါတ်နှစ်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးပါပဲ။ နောက်တစ်ခုက ပြည်သူတွေဘဝလုံခြုံရေးပေါ့။ နှစ်သစ်မှာ ပြည်သူတွေ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းသာယာတဲ့ဘဝရောက်ရှိပါစေလို့ ဆုတောင်းပါတယ်။ နောက်ဆုံးတစ်ခုကတော့ ၂၀၁၆ မှာ တိုင်းရင်းသားတွေ၊ အခြေခံလူတန်းစားတွေ ဝင်ငွေကနည်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် အခက်အခဲရှိခဲ့ပါတယ်။ နိုင်ငံတကာရဲ့ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကျွန်တော်တို့နိုင်ငံရဲ့ကြိုးပမ်းမှုတွေနဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကနေလွတ်မြောက်ပြီး စီးပွားရေးအရ ဖွံ့ဖြိုးမှုအခြေခံတွေ ချမှတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးသုဝေ (ဥက္ကဋ္ဌ) ဒီမိုကရက်တစ်ပါတီ(မြန်မာ)**

လက်ရှိအစိုးရသက်တမ်းကလည်း တစ်နှစ်လောက်ဖြစ်နေပြီဆိုတော့ အခြေတကျရှိနေပါပြီ၊ အဲဒါကြောင့် နှစ်သစ်မှာ အစိုးရအနေနဲ့အတူ ပြည်သူလူထုအားလုံးပါဝင်မယ်ဆိုရင် ဖော်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ဟာ နှစ်သစ်မှာ အောင်အောင်မြင်မြင်ဖြစ်ထွန်းလာမှာပါ။ ပြည်သူလူထုကြီးအနေနဲ့လည်း လူမှုရေး၊ စီးပွားရေး၊ အဆင့်အတန်းတွေမြင့်မားလာပြီး ငြိမ်းချမ်းတဲ့ဘဝ တွေဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

**ဒေါ်ဒွဲဘူ (တွဲဖက်အတွင်းရေးမှူး)**
**စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ**
**ကချင်ပြည်နယ်**

၂၀၁၇ မှာ မြန်မာနိုင်ငံ ပြည်သူပြည်သားတွေအားလုံး လိုချင်တောင့်တနေတဲ့ငြိမ်းချမ်းရေးကို ရရှိပါစေ။ ငြိမ်းချမ်းရေးနဲ့အတူ မြန်မာပြည်မှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ၊ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးက တစ်ယောက်နဲ့ တစ်ယောက် ချစ်ခြင်းမေတ္တာကိုအခြေခံပြီး သာယာဝပြောဖွံ့ဖြိုးတိုးတက်ပါစေ။ ဆင်းရဲဒုက္ခကနေပြီးတော့ ၂၀၁၇ မှာ သာယာတဲ့ဒီမိုကရေစီလမ်းကြောင်းကို လက်တွဲ လျှောက်လှမ်းနိုင်ပါစေ။

**စိုင်းကျော်ညွန့် (တွဲဖက်အတွင်းရေးမှူး-၂)**
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**

မြန်မာပြည် အရှေ့၊ အနောက်၊ တောင်၊ မြောက်မှာ ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုတွေ ရရှိပါစေ။ ပြည်သူတွေအနေနဲ့လည်း ၂၀၁၇ မှာ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးကအစ ကိုယ့်ရဲ့စီးပွားရေးဝမ်းစာတွေအတွက် လိုအင်ဆန္ဒတွေ ပြည့်မြောက်အောင် လုပ်ဆောင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။

**စောစေးဝါး (အထွေထွေအတွင်းရေးမှူး)**
**ကရင်ပြည်သူ့ပါတီ**

နှစ်သစ်မှာတော့ ငြိမ်းချမ်းရေးရပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မျှော်လင့်ပါတယ်၊ ပြည်တွင်းစစ်တွေရပ်တန့်ပြီး စီးပွားရေး၊ လူမှုရေးတွေ ကောင်းမွန်လာဖို့အတွက် ဆုတောင်းပါတယ်။ နှစ်သစ်မှာ ငြိမ်းချမ်းရေးရပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ပြည်သူတွေပျော်ရွှင်စွာနဲ့ အမြန်ဆုံးလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးမျိုးကျော် (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)**

ရခိုင်အမျိုးသားပါတီ ကျွန်တော်တို့ယုံကြည်တဲ့ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးတို့နဲ့ ပတ်သက်ပြီး ပြည်သူတွေအနေနဲ့လည်း အစိုးရနဲ့ ပူးပေါင်းပြီး ပါဝင်ဖို့လိုပါတယ်။ ဒါမှလည်း ပြည်သူတွေအားလုံးရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝလာနိုင်မှာပါ။ နှစ်သစ်မှာ ပြည်သူတွေအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေလို့ ဆုတောင်းပါတယ်။


ဦးဟန်ရွှေ


ဦးသုဝေ


ဦးမျိုးကျော်


စိုင်းကျော်ညွန့်


ဒေါ်ဒွဲဘူ

**● ကျောဖုံးမှ**

နိုင်ငံများစွာ၌ ကွယ်ပျောက်ပျက်သုဉ်းစပြုနေပြီဖြစ်သည့် ပင်လယ်ရေအောက်သဘာဝတရား၏ ဆန်းကျယ်သည့် ရှုခင်းများ၊ ရှားပါးရေနေသတ္တဝါမျိုးစိတ်များကို ရေငုပ်ကြည့်ရှုလေ့လာမှတ်တမ်းတင်ခြင်း၊ အပန်းဖြေခြင်း၊ ရေကူးခြင်း၊ အနားယူခြင်းဖြင့် စိတ်ဝင်တစား လာရောက်လည်ပတ်ကြခြင်းဖြစ်သည်။

အဆိုပါပင်လယ်ကျွန်းခရီးစဉ်များကို ပြည်တွင်းပြည်ပဧည့်သည်များလေ့လာလည်ပတ်နိုင်ရေး ဒေသခံခရီးသွားလုပ်ငန်းလုပ်ကိုင်သူ ပြည်တွင်းကုမ္ပဏီများမှ လုပ်ငန်းရှင်များကဒေသဖွံ့ဖြိုးတိုးတက်လာရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာရေး ရည်ရွယ်ကာ အမြတ်အစွန်းကို ရှေ့တန်းမတင်ဘဲ သင့်တင့်လျောက်ပတ်သည့် နှုန်းထားများကြောင့်ဖြစ်ကြောင်း သိရသည်။

## မန္တလေး၌ ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၁**

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပသည့် BMW Golf Cup National Final 2016 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်ဂေါက်ကလပ်၌ကျင်းပရာ BMW Customer များ၊ အနယ်နယ်အရပ်ရပ်မှ အပျော်တမ်းဂေါက်သီးဝါသနာရှင် ပြိုင်ပွဲဝင် ၁၀၀ ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆု Winner သုံးဦးပေါ်ထွက်ခဲ့ပြီး ဦးကျော်ကျော်ဝင်း (ရွှေအဆင့်)၊ ဦးထွန်းထွန်းစိုး(ငွေအဆင့်)၊ ဒေါ်လောဆုံ(ခေါ်) ဒေါ်နုနုဝင်းတို့အား Prestige Automobiles Co.,Ltd ဥက္ကဋ္ဌ ဦးရဲမြင့်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးချမ်းမြတို့က ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲမကျင်းပမီ နံနက် ၉ နာရီတွင် အုပ်ချုပ်မှုဒါရိုက်တာ ဦးချမ်းမြက စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြောကြားရာတွင် ယနေ့ကျင်းပသည့် ပြိုင်ပွဲကို ကမ္ဘာ့ထိပ်တန်းစက်ယန္တရားနှင့် မော်တော်ယာဉ်အမှတ်တံဆိပ်များကို ဖြန့်ချိနေသည့် Octagon International Services Co.,Ltd (OIS) ၏ ကုမ္ပဏီအဖွဲ့တစ်ခုဖြစ်သည့် Prestige Automobiles Co.,Ltd (PAC) ကို မြန်မာနိုင်ငံ၏ BMW တရားဝင် ကိုယ်စားလှယ်အဖြစ် ၂၀၁၄ ခုနှစ်က တရားဝင်ရွေးချယ်ခန့်ထားသည်။ အဆိုပါ ကုမ္ပဏီကကြီးမှူး၍ BMW Golf Cup National Final 2016 ကို ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှ Winner အဖြစ် သုံးဦးကို ၂၀၁၇ ခုနှစ် မတ် ၅ ရက်မှ ၁၀ ရက်အထိကျင်းပမည့် BMW Golf Cup International World Final 2016 သို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသည် အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများအတွက် ကမ္ဘာ့အကြီးဆုံးပြိုင်ပွဲစီးရီးဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် ၄၆ နိုင်ငံမှ အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားပေါင်းတစ်သိန်းကျော်သည် World Final အတွက် အရည်အချင်းစစ်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း၊ ကမ္ဘာပေါ်၌ စိတ်ဝင်စားမှု အများဆုံးပြိုင်ပွဲတစ်ခုတွင်ပါဝင်ကာ BMW နှင့် Customer များ တစ်သားတည်း ခင်မင်ရင်းနှီးမှု ပိုမိုတိုးပွားစေရန် ၁၉၈၂ ခုနှစ်မှ စတင်၍ နှစ်စဉ် BMW ၏ ဖိတ်ခေါ် ပြိုင်ပွဲများကျင်းပခဲ့ပြီး ဂျာမနီနိုင်ငံက ထုတ်လုပ်သည့် BMW မော်တော်ယာဉ်ပြခန်းကို ရွှေမန်းတောင်ဂေါက်ကလပ်၌ စတုရန်းမီတာ ၆၀၀၀ ကျော်ကို BMW Service Centre က ဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် ကုမ္ပဏီဝန်ထမ်း ၁၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# နှလုံးသားတွင်စွဲထင်သွားကြသည့် အပိုင်းအစလေးများ

**အန်ကယ်ပညာ**

**သမီးသုံးယောက်၏ ညအိပ်ရာဝင်ပုံပြင်ကဏ္ဍတွင် ပင်တိုင်ပုံပြောရသူမှာ ကျွန်တော်ပင်ဖြစ်ခဲ့၏။ ဇနီးသည်က ဤကိစ္စအတွက် စိတ်ရှည်ဟန်မတူ၊ ပြောလေ့ပြောထမရှိ။ သို့ရာတွင် သူသည်လည်း စိတ်ဝင်စားခြင်း မရှိဟန်ဖြင့် သမီးများနှင့်ရောယောင်၍ နားထောင်တတ်သည့် အကျင့်ကိုကား ရထားလေ၏။**

အိပ်ရာဝင်ပုံပြင်ဟုဆိုသည်နှင့်အညီ အိပ်ရာထက်တွင် အိပ်စက်အနားယူရန် အသင့်အနေအထားသို့ ရောက်ပြီဆိုမှ ဇာတ်လမ်းစရ၏။ နားထောင်သူတို့၏ ညစဉ်ရက်ဆက် တောင်းဆိုချက်က ကြီးမားလွန်းလှသဖြင့် ပြောပြီးသည်ကို ပြန်ပြောမိလျှင် ပြောပြီးသားကြီးဟု ဝိုင်း၍ ကန့်ကွက်ကြ၏။ ပုံပြင်အသစ်ကို ပြောဖြစ်သော်လည်း ဇာတ်လမ်းတိုနေပြန်လျှင် တိုတိုလေးဟုဆိုကာ ထပ်မံတောင်းဆိုကြပြန်၏။ ဤသို့နားထောင်သူတို့ အလယ်တွင် အကျပ်ရိုက်လှသည့် အချိန်မျိုးတွင် ပုံပြင်စာအုပ်အသစ်များကို ဖတ်ရပေဦးမည်ဟု စဉ်းစားမိသလို လတ်တလော ပြဿနာကိုဖြေရှင်းရန် နည်းလမ်းကိုလည်း ရှာဖွေမိလေသေး၏။

ဤသို့နှင့် မိမိဝါသနာပါရာ ဖတ်မိထားသည့်စာအုပ်များ၊ ဖတ်လက်စ စာအုပ်များထဲမှ အကြောင်းအရာအချို့ကို ပုံပြင်အသွင်ရုတ်ခြည်းဖန်တီး၍ ပြောဖြစ်ခဲ့လေ၏။ အများအားဖြင့် ပြောဖြစ်ခဲ့သည်မှာ မြန်မာတို့၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် ကုန်းဘောင်ဆက်တို့နှင့် ဆက်နွှယ်နေသူများ၏ အကြောင်းများပင်ဖြစ်၏။

ဤနေရာတွင် မြန်မာမင်းဆက်များနှင့်ပတ်သက်၍ ကြားဖြတ် ပြောလိုသည့် အချက်ရှိပါသေး၏။ အချို့သောသူများအနေဖြင့် မြန်မာရာဇဝင်တွင်ပါရှိသည့် မင်းဆက်များအနက် ကုန်းဘောင်မင်းဆက်ကို အားမရသကဲ့သို့ အထင်သေးကြသည်ကိုလည်း တွေ့ရ၏။ ဤသို့ဖြစ်ရခြင်းမှာ နန်းတွင်းရေး အားပြိုင်မှုများ၊ အာဏာအတွက် နေရာလုမှုများကို စူးစိုက်လေ့လာမိ၍လည်းဖြစ်နိုင်၏။ အရှင်နှစ်ပါး ပါတော်မူခဲ့ခြင်း၊ မြန်မာမင်းဆက်ပြုတ်ခဲ့ခြင်းနှင့် သူ့ကျွန်ဘဝ ရောက်ခဲ့ရခြင်းဟူသည့် တစ်ပြိုင်တည်း ကျရောက်ခဲ့သော ဖြစ်ရပ်ဆိုးကြောင့်လည်း ဖြစ်နိုင်ပါ၏။

သို့ရာတွင် ထိုအချိန်က ဖြစ်စဉ်ဖြစ်ရပ်များသည် လူတစ်ဦးချင်းစီ၏ စရိုက်နှင့်ဆန္ဒတို့အပေါ် မူတည်ခဲ့သည်များရှိနိုင်သလို သမိုင်း၏ တောင်းဆိုချက်များကြောင့် ဖြစ်ပေါ်လာရသည်ဆိုသည်ကိုလည်း ယထာဘူတကျစွာ ဆင်ခြင်နိုင်ကြရမည်ဟု ထင်မြင်မိပါ၏။။ အဘယ်ကြောင့်ဆိုသော် ထိုသမိုင်းတို့သည် မိမိတို့ဘိုးဘွားများ၏ သမိုင်းဖြစ်နေသောကြောင့်ပေတည်း။

ထို့အပြင် ထိုခေတ်သည် မျက်မှောက်ခေတ်နှင့် အလှမ်းကွာဝေးခြင်းမရှိသေးသလို သမိုင်းကြောင်းနှင့် ထင်ဟပ်ပုံဖော်နိုင်သည့် အထောက်အထားအမွေအနှစ်များစွာ ကျန်ရှိနေသည့်အတွက် ယနေ့ခေတ်လူငယ်တို့ လေ့လာရန် ဆွဲဆောင်မှုအရှိဆုံးဖြစ်နေသည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် သင်ခန်းစာဖော်ထုတ်နိုင်သည့် အတိတ်ကာလတစ်ခုလည်း ဖြစ်နေပေ၏။ ဤသည်ကား စကားချပ်မျှသာဖြစ်ပါ၏။

ပြောလက်စ ကုန်းဘောင်ဆက်တို့နှင့် ဆက်နွှယ်သူများ အကြောင်းပြောဖြစ်သည်ကို ဆက်ပါဦးမည်။ ထိုအကြောင်းများကိုပြောပြနေချိန်များတွင် နားထောင်သူတို့ ဘဝင်ကျ၍ ငြိမ်ကျသွားသည်ကိုလည်းတွေ့ရ၏၊ ဟားတိုက်ရယ်မောကြသည်ကိုလည်း တွေ့ရ၏။ မေးခွန်းထုတ်ကြသည်လည်းရှိ၏။ ပြောနေသည်ကို အားမရစိတ်မရှည်ဟန်ဖြင့် စကားထောက်ပေးသည်ကိုလည်း တွေ့ရပါ၏။ ထင်ထားသည်ထက်ပို၍ စိတ်ဝင်စားကြကြောင်း တွေ့ရလေ၏။ မြန်မာဘိုးဘွားများ အကြောင်းဖြစ်၍ မြန်မာလေးများ၏ နှလုံးသားတွင် နှစ်ခြိုက်စွဲငြိလွယ်လေသည်လားဟူ၍လည်း တွေးထင်မိနေသေး၏။ အိပ်ရာဝင်ပုံပြင်အဖြစ် ဖန်တီးပြောဖြစ်ခဲ့သည့် ကုန်းဘောင်ဆက်တို့နှင့် ဆက်နွှယ်သူများအကြောင်းများမှာ စိတ်ကူးတည့်ရာပြောခဲ့မိခြင်းဖြစ်၏။

သမိုင်းနှင့်အညီ အစီအစဉ်တကျမရှိ၊ ဟိုတစ်စ ဒီတစ်စ အပိုင်းအစလေးများသာဖြစ်၏။ ပုံပြင်နားထောင်သူတို့၏ တောင်းဆိုချက်များကို လတ်တလော ဖြေရှင်းပေးရုံမျှရည်ရွယ်ခဲ့သည်မဟုတ်ပါလော။

သို့ရာတွင် ဤသို့ပုံပြင်မဟုတ်သည့် သမိုင်းမှအပိုင်းအစလေးများကို ပုံပြင်အဖြစ်ဖန်တီးပြောဆိုခဲ့သည့်နောက်ပိုင်းတွင် ဒီည ဘိုးတော်ဘုရားနဲ့ ပေါ်ဦးအကြောင်းပြောဟု ဆိုလာကြ၏။ မယ်နုအကြောင်းပြောဟု တောင်းဆိုသည့် ရက်ရှိ၏။ မင်းတုန်းမင်းကြီးအကြောင်း၊ စုဖုရားလတ် အကြောင်းတို့ကို ဆက်ပြောပေးရန် ပူစာကြလေ၏။ ဤသည်ကိုကြည့်ခြင်းဖြင့် နားထောင်သူတို့အနေဖြင့် ပုံပြင်ဆန်သည့် ပုံပြင်မျှဖြင့် ပွဲမတိုးတော့ကြောင်း သိရ၏။ မြန်မာ့သမိုင်း၏ တစ်စိတ်တစ်ပိုင်းကို ဇာတ်ကောင်အမည်နှင့်တကွ မှတ်မိသွားကြပြီ ဟူ၍လည်း ထပ်လောင်းသိရှိလိုက်လေ၏။

**လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည်လည်း နိုင်ငံသားတိုင်း၏ လက်ဆင့်ကမ်းတာဝန်ဖြစ်ပါ၏။ သို့ရာတွင် သမိုင်းနှင့် လွတ်ကင်းနေသော လက်ဆင့်ကမ်းမှုသည် အနှစ်သာရကင်းမဲ့နေမည်ဖြစ်သကဲ့သို့ လေးနက်မှုလည်း ရှိမည်မထင်ပါ**

ဤသို့နှင့် သင်္ခါရ၏ သဘောအတိုင်း ပုံပြောသူအနေဖြင့် ပုံပြောရင်း အရွယ်ရလာသလို နားထောင်သူတို့မှာလည်း တဖြည်းဖြည်း လူလားမြောက်လာကြလေ၏။ ထိုကာလများအတွင်း၌ အိပ်ရာထက်တွင် ပြောဖြစ်ခဲ့သည့် သမိုင်း၏ အပိုင်းအစများနှင့် မြေပြင်ပေါ်ရှိ ရုပ်ဝတ္ထုများ ဆက်စပ်ပေးခြင်းကိုလည်း အကြိမ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ပါ၏။

မင်းကွန်းဒေသရှိ ဘိုးတော်ဘုရား၏ ကောင်းမှုတော်များဖြစ်သည့် ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ ကြက်ထောင့်ရေကန်ကြီးတို့ကို ဖူးမြော်လေ့လာစဉ် ဧရာဝတီမြစ်ကမ်းဘေးရှိ အင်္ဂါမစုံတော့သည့် ခြင်္သေ့ကြီးနှစ်ကောင်ကို ကြည့်ရင်း သူတို့၏နှလုံးသားထဲမှ အမတ်ကြီးဦးပေါ်ဦးကို သတိရကြောင်းပြောကြ၏။

အင်းဝမြို့ဟောင်းရှိ နန်းမတော်မယ်နုအုတ်ကျောင်းကြီးသို့ရောက်ရှိချိန်တွင် ထဘီကို စွန်ချီသွားခြင်းခံရသည်ဆိုသည့် ထဘီနီနီကလေး၏ ပိုင်ရှင်မိန်းမငယ်လေး မယ်နု၊ ဘိုးတော်ဘုရား၏ အပျိုတော်လေး မယ်နု၊ ဘကြီးတော်ဘုရား၏ မိဖုရားခေါင်ကြီး နန်းမတော် မယ်နု၊ တောင်သမန်အင်းတွင် ရေချအဆုံးစီရင်ခံရသည့် မယ်နု၊ နောင်တစ်ချိန် ဆင်ဖြူမရှင်ဖြစ်လာမည့် ကလေးငယ်မယ်သဲ၏ မိခင် မယ်နုဟူသည့် သူတို့၏ ဇာတ်လိုက်ကျော်မယ်နု၏ ဘဝဇာတ်ကြောင်းကိုပြန်ပြောင်းသတိရနေကြဟန်တွေ့ရ၏။ မယ်နု၏ ကြီးကျယ်ခမ်းနားလွန်းလှသည့် ကောင်းမှုတော်အုတ်ကျောင်းကြီးကိုလည်း ချီးမွမ်းနေကြလေ၏။

သာယာလှပသည့် တောင်သမန်အင်းကြီးနှင့် ပန်းရစ္စာတည်ရှိနေသည့် ဦးပိန်တံတားကြီးပေါ်တွင် ဖြတ်လျှောက်နေကြချိန်တွင်ကား ပုဂံမင်း၏မြို့တော်ဝန် ဘိုင်ဆပ်နှင့် စာရေးမောင်ပိန်တို့၏ ပြည်သူလူထုအပေါ် အစွမ်းကုန် ဗိုလ်ကျဆိုးသွမ်းခဲ့ပုံများကို မေ့လျော့နေကြဟန်တူ၏။

ကျောင်းဒါယိကာမကိုယ်တိုင် ရေစက်ချခြင်းမပြုနိုင်ရှာခဲ့သည့် စုဖုရားလတ်၏ မြတောင်ရွှေကျောင်းတော်ကြီးနေရာတွင် မူလအုတ်လှေကားနှစ်စင်းကသာ ကိုယ်စားပြုနိုင်တော့သဖြင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်ခင်းခဲ့ကြသည့် နိုင်ငံကြီးသားများကို မေတ္တာပွားပေးကြရန်သာ ပြောနိုင်ခဲ့၏။

ကျုံးရေပတ်လည်ဝန်းရံထားသည့် အုတ်ရိုးနီနီနန်းမြို့ရိုးကိုမြင်တွေ့ရချိန်တွင် ထိုမြို့ရိုးအတွင်းရှိ မင်းတုန်းမင်းတည်ထားခဲ့သည့် ရတနာပုံ ရွှေမြို့တော်၊ မြနန်းစံကျော်ရွှေနန်းတော်ကြီး၊ ထိုအဝန်းအဝိုင်းနှင့်ဝန်းကျင်တို့တွင် သူတို့၏ ပုံပြင်ဇာတ်ဆောင်များဖြစ်ကြသည့် မင်းတုန်းမင်းကြီးနှင့် စကြာဒေဝီမိဖုရားခေါင်ကြီး၊ ဆင်ဖြူမရှင်မိဖုရား၊ သီပေါဘုရင်နှင့် စုဖုရားလတ်၊ ယောမင်းကြီးဦးဖိုးလှိုင်၊ တိုင်တားမင်းကြီး၊ ကင်းဝန်မင်းကြီး၊ ရနောင်စား မောင်မောင်တုတ်တို့၏ အတိတ်မှ ပုံရိပ်များက အမှန်ပင်သက်ဝင်လှုပ်ရှားနေကြသည့်အလား ထင်မှတ်မှားကြမည်ကို မြင်နှင့်သေး၏။

နန်းမြို့အတွင်းရှိ နန်းမြင့်မျှော်စင်လှေကားရင်းအနီးသို့ အရောက်တွင် စုဖုရားလတ် မြေကြီးပေါ်မှာ ငိုချင်းချတာ ဒီနေရာလားဟု မေးကြသည်ကိုကြည့်ခြင်းဖြင့် သူတို့၏စိတ်တွင် ဤနေရာ၏ဖြစ်ရပ်နှင့် အရှင်နှစ်ပါး ပါတော်မူသည့် ဖြစ်ရပ်ကို တွဲလျက် အာရုံခံစားနေကြသည်ကို သတိထားမိ၏။ တစ်နည်းအားဖြင့် နယ်ချဲ့အင်္ဂလိပ်စစ်ဗိုလ် ဖရင်ဒါဂတ်၏ တပ်များ ဧရာဝတီမြစ်ကမ်းမှ နန်းတော်အတွင်းသို့ ချီတက်လာသည့် မြင်ကွင်းနှင့် နောက်တစ်နေ့ ညနေပိုင်းတွင် ရာဇပလ္လင်ထက်မှ ဆင်းသက်ကာ ပါတော်မူခရီးစတင်ခဲ့ရရှာသည့် မြင်ကွင်းကို ဆက်စပ်ရှုမြင်လျက်ရှိနေကြသည်ဟု ဆိုနိုင်၏။

ထိုပါတော်မူနေ့ကား ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ရက်နေ့ဖြစ်၏။ ထိုနေ့ကို မြန်မာတစ်မျိုးသားလုံးသူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည့်နေ့ဟု ဆိုနိုင်သလို အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို လက်လွတ်ဆုံးရှုံးလိုက်ရသည့်နေ့လည်းဖြစ်၏။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအပေါ် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ၍ သိမ်းပိုက်ခဲ့၏။ ထိုစစ်ပွဲများကိုလေ့လာရာတွင် မြန်မာ့နန်းတွင်းရေးအခြေအနေ လျော့ရဲသည့်ဘုရင်များ လက်ထက်တွင် အကြောင်းပြချက် အမျိုးမျိုးဖြင့် ကျူးကျော်ခဲ့ကြသည်ကိုတွေ့ရ၏။ ကျူးကျော်သိမ်းပိုက်ပြီးချိန်တွင်လည်း တောင်တန်းပြည်မဟူ၍ သွေးခွဲအုပ်ချုပ်ခဲ့၏။ တိုင်းပြည်ရှိ သယံဇာတမျိုးစုံကို သွေးစုပ်ခြယ်လှယ်ခဲ့ကြ၏။

ဆုံးရှုံးသွားခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် မြန်မာတိုင်းရင်းသားတို့၏ အသက်သွေး ချွေးမြောက်မြားစွာ ပေးဆပ်ခဲ့ကြရ၏။ လွတ်လပ်ရေးကို ပြန်လည်ရရှိရေးအတွက် တိုက်ပွဲဝင်ရာတွင် နှစ်ကာလအားဖြင့် ၆၃ နှစ်တိုင်အောင် ကြာမြင့်ခဲ့၏။

မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးမှုအင်အားဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာခဲ့ရာ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းသည် ယခုနှစ်တွင် ၆၉ နှစ်ပြည့်မြောက်ပြီဖြစ်၏။

နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ဖြစ်၏။ သို့ရာတွင် ထိုနေ့ရောက်မှ လွတ်လပ်ရေးကို သတိရနေကြရမည်မဟုတ်ပါ။ လွတ်လပ်ရေးဟူသည့် အသံကြားမှ လွတ်လပ်ရေးကို တန်ဖိုးထားကြရမည်မဟုတ်ပါ။ ထိုနေ့သည် အထိမ်းအမှတ်ပြုထားသည့် နေ့တစ်နေ့သာ ဖြစ်ပါ၏။

မည်သည့်အခြေအနေမျိုးတွင် လွတ်လပ်ရေးဆုံးရှုံးတတ်သည်၊ လွတ်လပ်ရေးဆုံးရှုံးလျှင် မည်သို့အုပ်ချုပ်သွေးစုပ်ခံရသည်၊ လွတ်လပ်ရေးပြန်လည် ရရှိရေးအတွက် မည်သည်တို့ကို မည်မျှကြာအောင် ပေးဆပ်ရသည်တို့ကို သမိုင်းက သင်ခန်းစာပေးထားပြီးဖြစ်၏။ ဤမျှတန်ဖိုးကြီးမားလှသည့် လွတ်လပ်ရေးကို တစ်နေ့တစ်ရက်တည်း သတိရနေကြရုံမျှနှင့် ထိုက်တန်ပါ၏လော။

အထက်တွင်သာဓကအနေဖြင့် တင်ပြခဲ့ခြင်းသည် မိသားစုအိပ်ရာဝင်ပုံပြင် အပိုင်းအစများ၊ ထိုမှသမိုင်း၏ ဆက်စပ်မှု၊ ထိုမှသမိုင်းကြောင်း၊ ထိုမှမျိုးဆက်သစ်များ၏ နှလုံးသားဆီသို့ အဆင့်ဆင့်စွဲထင်သွားစေရန် လက်ဆင့်ကမ်းပေးကြရမည့် တာဝန်ရှိသည်ဟု ရိုးရှင်းစွာမြင်မိ၍ ဖြစ်ပါ၏။

လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည်လည်း နိုင်ငံသားတိုင်း၏ လက်ဆင့်ကမ်းတာဝန် ဖြစ်ပါ၏။ သို့ရာတွင် သမိုင်းနှင့်လွတ်ကင်းနေသော လက်ဆင့်ကမ်းမှုသည် အနှစ်သာရကင်းမဲ့နေမည်ဖြစ်သကဲ့သို့ လေးနက်မှုလည်း ရှိမည်မထင်ပါ။

သို့ဖြစ်၍ နိုင်ငံသားတိုင်းသည် လွတ်လပ်ရေးကို ထာဝစဉ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်သလို မျိုးဆက်သစ်များ၏ နှလုံးသား၌လည်း လွတ်လပ်ရေးကို ချစ်ခင်မြတ်နိုးစိတ်ဓာတ်၊ ထိန်းသိမ်းကာကွယ်လိုသည့် စိတ်ဓာတ်များ ထာဝစဉ် ကိန်းအောင်းနေအောင် ရှေးမြန်မာ ဘိုးဘွားတို့၏ သမိုင်းကြောင်းနှင့်ယှဉ်၍ လက်ဆင့်ကမ်းပေးကြပါရန် တိုက်တွန်းလိုက်ရပေ၏။

## ဘိုးဘွားရိပ်သာဆောက်လုပ်ရန် အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

အသက်အရွယ်ကြီးရင့်လာပြီး မှီခိုအားကိုးစရာမရှိသော သက်ကြီး အဘိုး အဘွားများအား နောင်ရေးစိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက် ရည်ရွယ်ကာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကနောင်စုရပ်ကွက်၌ တည်ဆောက်လျက်ရှိသော ခိုလှုံရာ-ခိုကိုးရာမဲ့ ဘိုးဘွားရိပ်သာအတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ၄၅ လမ်းအလယ် ဗိုလ်တထောင်မြို့နယ်ရှိ ဟင်္သာတအသင်းတိုက်၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ဟင်္သာတအသင်းဥက္ကဋ္ဌ ဟင်္သာတဦးမြင့်ငွေက ဘိုးဘွားရိပ်သာဆောက်လုပ်ရခြင်း၏ နောက်ခံသမိုင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အလှူငွေများကို ဆက်လက်ပေးအပ်ရာ ရန်ကုန်မြို့နေ ဒေါ်တင်ရီ၊ ဦးစိန်လင်း၊ ဒေါက်တာဒေါ်ခင်ကြည်၊ ဦးတင်ဆွေ ဒုတိယဝန်ကြီး(ငြိမ်း) မောင်နှမများက ငွေကျပ်သိန်း ၁၀၀၊ ရန်ကုန်မြို့နေ ဦးအောင်သူရိန် မောင်နှမများက အလှူငွေကျပ် ၁၀ သိန်း၊ ဦးမောင်မောင်ဝင်း-ဒေါ်သန်းသန်းဌေး မိသားစုက အလှူငွေကျပ် သုံးသောင်း၊ ဒေါ်အေးအေးစမ်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိန်ထွန်း-ဒေါ်အေး မိသားစုက ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ၁၁၂ သိန်း ၃ သောင်းကိုလှူဒါန်းသည်။ ဟင်္သာတ ခိုလှုံရာ-ခိုကိုးရာမဲ့ဘိုးဘွားရိပ်သာသို့ လှူဒါန်းလိုသူများသည် ဒေါ်သင်းရွှေစင်လှိုင် ဖုန်း - ၀၉-၇၇၀၇၇၀၅၂၈ ၊ ၀၉-၇၉၅၉၂၉၄၉ နှင့် ဟင်္သာတအသင်းတိုက် ဖုန်း- ၀၁-၃၉၈၇၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုလတ် (သတင်းစဉ်)**




### ဖြည့်စွက်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၃၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၁၇ တွင် ဖော်ပြခဲ့သော အလောင်းတော်ကဿပရင်ပြင်တော်နှင့် အနီးဆုံးနေရာအထိ လမ်းပေါက်နေသည်ဖြစ်၍ ဘုရားဖူးများ စတင်တက်ရောက်သတင်း၏ ဒုတိယစာပိုဒ်၌ “ပြီးခဲ့သည့်နှစ်က မုံရွာ-အလောင်းတော်ကဿပ ပြေးဆွဲတဲ့ ယာဉ်လိုင်း ငါးလိုင်းရှိရာကနေ ဒီနှစ် ရှစ်လိုင်းအထိ ပြေးဆွဲကြမှာဖြစ်ပါတယ်”ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။
**(မြန်မာ့အလင်း)**

# ၂၀၁၆ ခုနှစ် (၅၉)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



**တောင်ကြီး ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့ ၂၀၁၆ ခုနှစ် (၅၉)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဆုပေးပွဲကို ဒီဇင်ဘာ ၃၀ ရက် ညနေ ၆ နာရီက အေးသာယာဂေါက်ကလပ်၌ ကျင်းပကြောင်း သိရသည်။

(၅၉)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးကြသော အလှူရှင်များအား ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံးနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ဧည့်သည်တော် တစ်ဦးချင်းပြိုင်ပွဲတွင် ပဉ္စမ၊ စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမဆု ရရှိသူများအား ဆုဖလားနှင့် ငွေသားများကို ပြည်နယ်ဥပဒေချုပ်က လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ပဉ္စမ၊ စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုဖလားနှင့် ငွေသားများကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က လည်းကောင်း၊ တစ်ဦးချင်း အကျော့ပေးပြိုင်ပွဲတွင် ဒသမ၊ နဝမ၊ အဋ္ဌမ၊ သတ္တမ၊ ဆဋ္ဌမ၊ ပဉ္စမ၊ စတုတ္ထဆုရရှိသူများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံးက လည်းကောင်း၊ တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက လည်းကောင်း၊ တစ်ဦးချင်း အကျော့မဲ့ပြိုင်ပွဲတွင် ဒသမ၊ နဝမ၊ အဋ္ဌမ၊ သတ္တမ၊ ဆဋ္ဌမ၊ ပဉ္စမ၊ စတုတ္ထ ဆုရရှိသူများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လည်းကောင်း၊ တတိယ၊ ဒုတိယ၊ ပထမဆု ရရှိသူများကို ကမ္ဘောဇဘဏ်ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက လည်းကောင်း၊ အသင်းလိုက် အကျော့ပေးပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမ ဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က လည်းကောင်း၊ အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမ ဆုရရှိသူများကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းမင်းထွန်းက လည်းကောင်း၊ ၂၀၁၆ ခုနှစ် (၅၉)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမတံခွန်စိုက် ဒိုင်းဆုကြီးရရှိသော မူဆယ်(၁)အသင်းအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လည်းကောင်း ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မောင်သန်း(တောင်ကြီး)**

# ပေါင်းတည်၌ လူထုလမ်းလျှောက်ပွဲကျင်းပ



**ပေါင်းတည် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် ဒီဇင်ဘာ အားကစားလ နောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ သပြေကုန်းကျေးရွာအထိ အသွားအပြန်စုပေါင်း လမ်းလျှောက်ကြသည်။

လမ်းလျှောက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိ အားကစားဝါသနာရှင်များနှင့် ရပ်ကွက်နေပြည်သူများ ပါဝင်ဆင်နွှဲခဲ့သည်။ **တင်ဝင်းဇော်(မင်းသားကြီး)**



# ၂၀၁၅-၂၀၁၆ နှစ်လည်မဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

၂၀၁၅-၂၀၁၆ နှစ်လည်မဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါ်အေးအေးမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်နှင့် တာဝန်ရှိသူများက စာမူရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြရာ စာမူရှင်ဆရာကြီး ဒေါက်တာဦးသန်းဦးနှင့် ဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)တို့က ဝမ်းမြောက်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်၊ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် စာမူရှင် ကျောင်းသား ကျောင်းသူများနှင့် အလှူရှင်များတက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပစဉ် ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်

၁။ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

( ခ ) ဘဏ်လမ်းအားဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

( ဂ ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ လည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှ လာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်း လမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်း အတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်း ကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင် လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ရိုးရာထုတ်ကုန်များ တစ်နေရာတည်း စုစည်းမြင်တွေ့ရမည့် မြန်မာ့ထုတ်ကုန်များ ဈေးကွက်မြှင့်တင်ခြင်းပွဲတော် ပုဂံ၌ကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၃၁**

ပုဂံဒေသတွင် ဂေါ်ရွေနဒီသဘာဝထုတ်ကုန်များမှ ကြီးမှူးကျင်းပသည့် မြန်မာ့ထုတ်ကုန်များ ဈေးကွက်မြှင့်တင်ခြင်းပွဲတော် (Bagan Trade Show) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ရွှေစည်းခုံစေတီတော်မြတ်ကြီး တောင်ဘက်မုခ်အနီးကွင်းပြင်ရှိ အဆိုပါပွဲတော်မုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ပွဲတော်တွင် ခင်းကျင်းရောင်းချလျက်ရှိသည့် မြန်မာ့ရိုးရာအစားအသောက်နှင့် မုန့်မျိုးစုံဆိုင်များ၊ မြန်မာ့လက်မှုပညာဖြင့် ဝါး၊ အထပ်သား၊ ကြိတ်သားတို့ကို အသုံးပြုကာ ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ဆေးဝါးပစ္စည်းဆိုင်များ၊ အဝတ်ထည်ဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



အဆိုပါပွဲတော်ကို မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နေသော ထုတ်ကုန်များ ပြည်တွင်းဈေးကွက်အသစ် ရှာဖွေနိုင်ရန်၊ နိုင်ငံရပ်ခြားသို့ တင်ပို့ရောင်းချနိုင်ရန်နှင့် ပြည်ပဈေးကွက် အသစ်ရှာဖွေနိုင်ရန်၊ မိမိတို့ထုတ်လုပ်သော စားသောက်ကုန်များနှင့် ဆေးဝါးများကို အရည်အသွေးမှန်ကန်စွာ တိုးတက်ကောင်းမွန်စေရန် အစာအာဟာရဆိုင်ရာ သိပ္ပံဆိုင်ရာပညာရှင်ကြီးများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော FoSTA (အစာအာဟာရဆိုင်ရာသိပ္ပံနှင့် နည်းပညာအသင်း)ထံမှ အကြံဉာဏ်ကောင်းများ ရယူနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ပွဲတော်ကာလမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း ရွှေတံဆိပ်လေးဆုရ စွယ်စုံရအနုပညာရှင် သိဒ္ဓိအောင်ဦးစီးသော (ရွှေလဝန်း အနုသုခုမ အလင်္ကာဥယျာဉ်ဂီတ အကပဒေသာဖျော်ဖြေရေးအင်အားစု)မှ ရှေးဟောင်းမြေဝိုင်းပုံစံများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ Professional Chief တစ်ဦးဖြစ်သော Syilwin (Foods Garden) က ဦးစီး၍ မြန်မာ့ရိုးရာဟင်းပွဲနှင့် အစားအစာများကို ချက်ပြုတ်ပြင်ဆင်မိတ်ဆက် ပြသသွားမည်ဖြစ်ပြီး လာရောက်မြည်းစမ်းနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# မသန်စွမ်းဆိုင်ရာသုတေသနလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၃၁**

"အခြေခံလူ့အခွင့်အရေး ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာအပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်း ဖြစ်ရပ်ပေါ်ပေါက်လာစေရေးနှင့် အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ပြည်သူလူထုလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး" ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤသင်တန်းကျောင်းမှ သင်တန်းသူများကို မိမိတို့ဘဝ မိမိတို့ကိုယ်တိုင် ရပ်တည်နိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ ရရှိသွားပြီး လူမှုအသိုက်အဝန်းတွင် ပြန်လည်ဝင်ဆံ့နိုင်သည့် အခြေအနေရောက်အောင် လေ့ကျင့်ပြုစုစောင့်ရှောက်ပေးစေလိုကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ထောက်ကြန့် အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ သင်တန်းဆရာမများအား မှာကြားပြီး အစောင့်ရှောက်ခံသင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ၎င်းတို့၏ လိုအပ်မှုတင်ပြချက်များကို ဆွေးနွေးဖြေရှင်းပေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြောက်ဒဂုံမြို့နယ်ရှိ New Light Foundation က တည်ထောင်ထားသော New World Therapeutic Training Center တွင် မသန်စွမ်းကလေးငယ်များ၊ သင်တန်းကျောင်းဆရာ ဆရာမများ၊ မိဘများ၊ မသန်စွမ်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မသန်စွမ်းအဖွဲ့များပူးပေါင်း၍ မသန်စွမ်းမှုဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် မသန်စွမ်းကလေးငယ်များ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲကျင်းပနေခြင်းကို တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ထန်တလန်မြို့တွင် ဒီဇင်ဘာလနောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲကို ကျင်းပရာ မြို့ပေါ်ရှိ အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက လမ်းလျှောက်ပွဲအပြင် ကာယလေ့ကျင့်ခန်းများလည်း ပြုလုပ်နေသည်ကို တွေ့ရစဉ် (မြို့နယ် ပြန်/ဆက်)

# ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာမော်ကွန်းအတွက် လယ်တီနှင့် ပတ်သက်သော စာမူများပေးပို့နိုင်

**စစ်ကိုင်း ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် သမိုင်းဝင်ရွှေတောင်ဦး တောင်တော်မြတ်ရှိ လယ်တီဝိပဿနာရိပ်သာကြီးအတွင်း တည်ဆောက်ပြီးစီးသွားသော ဝိပဿနာဘာဝနာဒီပနီလေးထပ်ဓမ္မာရုံ ဗိမာန်တော်ကြီးနှင့် ရိပ်သာအတွင်းရှိ သာသနိကအဆောက်အအုံများ အလုံး ၈၀ ပြီးစီးအောင်မြင်ခြင်း ရေစက်ချပွဲအခမ်းအနားကို လာမည့်တပေါင်းလပြည့်ကျော်တွင် ခမ်းနားစွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရွှေတောင်ဦးလယ်တီရိပ်သာကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလညာဏ(ဓမ္မာစရိယ)ထံမှ သိရသည်။

အဆိုပါအောင်မြင်ခြင်းရေစက်ချပွဲကြီးအတွက် "ရွှေတောင်ဦး လယ်တီဝိပဿနာရိပ်သာမော်ကွန်း"စာအုပ်ကို ထုတ်ဝေလှူဒါန်းလိုသည့်အတွက် ဒီဇင်ဘာ ၃၀ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီက မုံရွာမြို့ ရုံးကြီးရပ်ကွက် သုဓမ္မစာရီဗိမာန်ကျောင်းတိုက်၌ မော်ကွန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် စာအုပ်ဖြစ်မြောက်ရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

မော်ကွန်းစာအုပ်ဖြစ်မြောက်ရေးအစည်းအဝေးပွဲသို့ လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်(အထက်မြန်မာပြည်) အဖွဲ့ဝင်များ၊ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်နာယကဆရာတော်များနှင့်အတူ မုံရွာမြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင်များ မုံရွာခရိုင် မြန်မာစာချစ်မြတ်နိုးသူအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ "ရွှေတောင်ဦး လယ်တီဝိပဿနာရိပ်သာမော်ကွန်း" အတွက် လယ်တီဆရာတော်ကြီး၏ တရားဒေသနာအဆိုအမိန့်များ၊ ရွှေတောင်ဦး လယ်တီဝိပဿနာရိပ်သာကြီးနှင့် သက်ဆိုင်သော စာမူနှင့်ဓာတ်ပုံများကို အနယ်နယ်အရပ်ရပ်မှ ရေးသားပေးပို့လိုသူများအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၈ ရက်နောက်ဆုံးထား၍ မုံရွာမြို့ ရုံးကြီးရပ်ကွက် သုဓမ္မစာရီဗိမာန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလညာဏနှင့် မုံရွာမြို့ ဘုန်းစိုးရပ်ခရေလမ်းသွယ်နေ ဆရာကြီး ဦးကျော်သောင်း(ကျော်သောင်း-ဘုတလင်)တို့ထံ ပေးပို့နိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မောင်တောမြို့၌ ဒီဇင်ဘာအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်



**မောင်တော ဒီဇင်ဘာ ၃၁**

မောင်တောမြို့ ဒီဇင်ဘာ အားကစားလ နောက်ဆုံးပတ် စုပေါင်းလူထု လမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီခွဲက မောင်တောမြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးရှေ့မှ စတင်ထွက်ခွာခဲ့သည်။

လမ်းလျှောက်ပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အားကစားဝါသနာရှင်ပြည်သူများက မြို့သူကြီး လမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်း၌ ဌာနဆိုင်ရာများကို ကြာဆံဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။ စုပေါင်းလူထုလမ်းလျှောက်ပွဲတွင် အားကစားဝါသနာရှင် စုစုပေါင်း ၃၅၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ် ၁၀၀ ပြည့် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

မြန်မာအင်ဂျင်နီယာများ သမဂ္ဂ (BURMA ENGINEERING CONGRESS) မှ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MYANMAR ENGINEERING SOCIETY) နှစ် ၁၀၀ ပြည့် အခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းက လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယက ဦးကျော်စန်းဝင်းက အမှာစကားပြောကြားပြီး အသင်း၏ ဥက္ကဋ္ဌ ဦးအောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် စာရေးဆရာ မောင်စိန်ဝင်း( ပုတီးကုန်း)၊ ဆရာ အော်ပီကျယ်နှင့် စာရေးဆရာမ မစန္ဒာတို့က အသီးသီးဟောပြောကြပြီး Brief History of Myanmar Engineering Education & Myanmar Engineering Society တို့၏ သမိုင်းကြောင်းကို အမျိုးသားစာပေဆုရှင် (သုတပဒေသာဆုရှင်) ဆရာကြီး ဦးအောင်လှထွန်းက လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာသမိုင်းကြောင်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းကလည်းကောင်း ဟောပြောကြသည်။ **(သတင်းစဉ်)**

# ရှမ်းရိုးရာယဉ်ကျေးမှုရှင်လောင်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျောက်မဲ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် ရှမ်းကျောင်းကြီး၌ ရှမ်းရိုးရာယဉ်ကျေးမှု ရှင်သာမဏေအပါး ၁၅၀ အလှူတော်မင်္ဂလာကို ဒီဇင်ဘာ ၂၉ ရက်မှစ၍ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါအလှူပွဲတွင် ရန်ကုန်မြို့နေ အလှူ့ဒါယကာ ဝဏ္ဏကျော်ထင် ဦးကျော်ဝင်း၊ အလှူ့ဒါယိကာမ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းမောက်လောဝ်ဆိုင် (ရွှေသံလွင်ကုမ္ပဏီ) မိသားစုမှ ကျောက်မဲမြို့ပေါ်ရှိ မိဘမဲ့ကလေးများနှင့် ရှင်မပြုရသေးသည့်ကလေးသူငယ် ၁၅၀ ကို ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေပြုပေးခဲ့သည်။

အဆိုပါ ရှင်သာမဏေအပါး ၁၅၀ ရှင်လောင်းများကို ရှမ်းရိုးရာယဉ်ကျေးမှုအရ ကျောက်မဲမြို့ပေါ်သို့ ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ မြို့တွင်းသို့ လှည့်လည်ပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မူခင်းအသိပညာပေး ရွှေ့လျားယာဉ်ဖြင့် လှည့်လည်ပြသ

**ညောင်လေးပင် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ဈေးလမ်းဆုံ၌ ဒီဇင်ဘာ ၃၀ ရက်က မူခင်းအသိပညာပေး ရွှေ့လျားယာဉ်ဖြင့် အသိပညာပေးပြသခဲ့ကြောင်း သိရသည်။

မူခင်းအသိပညာပေးပြသရာတွင် ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးတင့်ဆွေဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၆) ပဲခူးမြို့မှ ရဲတပ်ကြပ်ကြီးကျော်သူနှင့်ရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃)ပဲခူးမြို့မှ ရဲတပ်ကြပ်ကြီးနေလင်းစိုးနှင့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပိန်းဇလုပ်နယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းကျော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက လာရောက်ကြည့်ရှုသူ ဒေသခံပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

အလားတူ ဒီဇင်ဘာ ၂၉ ရက်ကလည်း ပြွန်တန်ဆာမြို့ မြို့မ(၂)ရပ်ကွက် တရုတ်ဘုံကျောင်းရှေ့၌ အဆိုပါမူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ပြွန်တန်ဆာနယ်မြေရဲစခန်းမှူး ရဲအုပ်စိုးသိန်းအပါအဝင် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြွန်တန်ဆာမြို့ဒေသခံပြည်သူ ၂၀၀ ခန့်အား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ၂၀၁၇ မှာ ဘုံရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးရအောင် ကြိုးစားဆောင်ရွက်

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**



ဒေါက်တာတင်မျိုးဝင်း



ဦးလှမောင်ရွှေ



ပဒိုစောကွယ်ထူးဝင်း



ရိုလန်ကိုဘီယာ



ရဲဘော်မျိုးဝင်း

နှစ်သစ်တွင် ဖြစ်ပေါ်လာမည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်နေသူများ၏ အမြင်များကို တင်ပြလိုက်ပါသည်-

**ဒေါက်တာတင်မျိုးဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ**

ငြိမ်းချမ်းရေးအတွက်တစ်ဖက်နဲ့ တစ်ဖက်ထိတွေ့ဆက်ဆံမှု၊ စကားပြောဆိုမှု၊ အပေးအယူလုပ်ညှိနိုင်းမှုတွေက နံပါတ်တစ်ပါ။ ဘယ်ကိစ္စကိုမဆို ဖြေရှင်းတဲ့နည်းဟာ လက်နက်မဟုတ်ပါဘူး။ အားလုံးတွေ့ဆုံဆွေးနွေးပြီးတော့ ယုံကြည်မှု တည်ဆောက်ကြမယ်၊ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးကြမယ်၊ အားနည်းချက် အားသာချက်မထားဘဲ ဘုံရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးကို သွားကြမယ်ဆိုရင် ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ၂၀၁၇ မှာဆို ဒီကိစ္စကို အများဆုံးကြိုးစားပြီးဆောင်ရွက်မှာပါ။

အခု ကျွန်တော်တို့လုပ်ခဲ့တဲ့ လပိုင်းအတွင်းမှာဆို တိုးတက်မှုတွေ အများကြီးရှိပါတယ်။ ဥပမာဆို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကို အဖွဲ့ပေါင်းစုံက တက်ရောက်ကြပါတယ်။ စာတမ်းပေါင်း ၇၂ စောင်ကိုလည်း ပြုစုပြီးတော့ သူတို့ရဲ့ လိုအပ်ချက်တွေ၊ အားနည်း၊ အားသာချက်တွေ၊ သူတို့ဆီမှာရှိတဲ့ ပြဿနာတွေ တင်ပြကြပါတယ်။ ဒါကိုအခြေခံပြီး ယုံကြည်မှု တည်ဆောက်ကြမယ်။ ဒီပြဿနာကို အတူပူးပေါင်းဖြေရှင်းကြမယ်ဆိုရင် ၂၀၁၇ ဟာ ၂၀၁၆ ထက်အများကြီးတိုးတက်မှုရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် နားလည်မှု မေတ္တာ၊ တစ်ဖက်မှာဖြစ်နေတဲ့ ခံစားမှုကို လိုက်လျောဖြည့်ဆည်းပေးနိုင်မှုနဲ့အခြေခံပြီး ရှေ့ဆက်သွားမှာဖြစ်တဲ့အတွက် ပြည်သူပြည်သားတွေ တောင့်တနေတဲ့ ငြိမ်းချမ်းရေးကို အစွမ်းကုန်ကြိုးပမ်းနေတယ်လို့ ကျွန်တော် ပြောပါရစေ။

**ဦးလှမောင်ရွှေ (အတွင်းရေးမှူး)**

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ**

ကျွန်တော်တစ်ဦးတည်းရဲ့အမြင်က ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် အားသာချက်တွေ အများကြီးရှိနေတာကို တွေ့နေရပြီး အားလုံးဝိုင်းဝန်းအားစိုက်ကြိုးပမ်းလိုက်ရင် ၂၀၁၇ မှာ ပိုကောင်းတဲ့ရလဒ်တွေ ရလိမ့်မယ်လို့ မျှော်လင့်တယ်။ ယုံကြည်မှုတည်ဆောက်တာက အခုလည်း ဆက်လုပ်နေတယ်။ အခုဆို ဆရာဦးသိန်းဇော်တို့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဘက်ကိုသွားတယ်။ ဒါဟာအင်မတန်ကောင်းတယ်။ ဒီလို အင်အားကြီးတဲ့အဖွဲ့နဲ့တွေ့တာလည်း ယုံကြည်မှုတည်ဆောက်တာပါပဲ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်အောင်မြင်မြင်လုပ်နိုင်ရင်လည်း တိုင်းရင်းသားတွေဘက်က ယုံကြည်မှု ပိုရလာမယ်။ လက်မှတ်ထိုးသူတွေရော၊ မထိုးတဲ့သူတွေရော ဒါကိုစောင့်ကြည့်နေတာ ဖြစ်တဲ့အတွက် ၂၀၁၇ ဖေဖော်ဝါရီမှာ ကျွန်တော်တို့ မူဝါဒဆိုင်ရာ ရလဒ်တွေ ပိုရလာဖို့ မျှော်လင့်တယ်။ ဒါဆိုရင် ၂၀၁၇ ဩဂုတ်လလောက်မှာ လုပ်နိုင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ရလဒ်ကောင်းတွေ တော်တော်များများရနိုင်ဖို့ မျှော်လင့်တယ်။ ရလည်းရမယ်လို့ ထင်တယ်။

**ပဒိုစောကွယ်ထူးဝင်း (အထွေထွေအတွင်းရေးမှူး)**

**KNU-ကရင်အမျိုးသားအစည်းအရုံး**

ငြိမ်းချမ်းရေးတည်ဆောက်တဲ့နေရာမှာ တာဝန်ရှိတဲ့ ခေါင်းဆောင်တွေရဲ့ ဆန္ဒရှိမှု၊ ရေရှည်အကျိုးအတွက် မြင်နိုင်မှု၊ ရဲစွမ်းသတ္တိရှိမှု၊ စွမ်းဆောင်နိုင်မှု စတဲ့အရည်အချင်းတွေ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်တဲ့နေရာမှာ အတူတကွပူးပေါင်းဆောင်ရွက်ဆွေးနွေးပြီး အများကလက်ခံတဲ့ အဖြေတစ်ခုကို ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လာမယ့် ၂၀၁၇ ဟာ ကျွန်တော်တို့နိုင်ငံရဲ့ငြိမ်းချမ်းရေးကို ဆက်လက်ပြီးတော့ အကောင်အထည်ဖော်နိုင်တဲ့နှစ်၊ ငြိမ်းချမ်းရေးအတွက် ထပ်မံရောက်ရှိမယ့်နှစ်လို့ ကျွန်တော်မျှော်မှန်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ရဲဘော်မျိုးဝင်း (ဒုတိယဥက္ကဋ္ဌ)**

**ABSDF-မြန်မာနိုင်ငံလုံးဆိုင်ရာ**

**ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး**

တိုင်းပြည်က နိုင်ငံတကာမပြောနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ကြည့်မယ်ဆိုရင်တောင် မငြိမ်းချမ်းတဲ့ အခြေအနေမှာ ရှိနေတယ်ဆိုတာ အားလုံးအသိပါ။ ဒီအခြေအနေတွေကို မှန်မှန်ကန်ကန်သုံးသပ်ပြီး တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုး၊ ပြည်သူလူထုရဲ့မျက်နှာကို ထောက်ပြီးတော့မှ နိုင်ငံရေးပြဿနာကို စားပွဲဝိုင်းပေါ်မှာ အားလုံးဖြေရှင်းနိုင်အောင် ကျွန်တော်တို့အဖွဲ့အစည်းကတော့ ဆတက်ထမ်းပိုး ကြိုးပမ်းသွားပါမယ်။

နှစ်သစ်မှာ ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းပါတယ်။ ဘယ်လိုပဲ တိုင်းပြည်မှာရှိတဲ့ စိန်ခေါ်မှုတွေရှိပါစေ၊ နှစ်သစ်မှာ စိတ်ဓာတ်ခွန်အားအသစ်တွေနဲ့အတူ ရင်ဆိုင်ရမယ့် အခက်အခဲတွေကို ကျော်လွှားပြီးတော့ တိုင်းပြည်ရဲ့အနာဂတ်တစ်ခုကို ဖန်တီးကြဖို့ တိုက်တွန်းပါတယ်။

**ရိုလန်ကိုဘီယာ(Roland KOBIA)**

**မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီး**

အစိုးရသစ်က အာဏာစရလာကတည်းကပဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးဖြစ်စဉ်က အင်မတန်အရေးကြီးတယ်။ ဦးစားပေးရမယ့် လုပ်ငန်းစဉ်ဖြစ်တယ်လို့ အားလုံးသိအောင်ပြောခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ ဥရောပသမဂ္ဂအနေနဲ့ ကြိုဆိုတယ်။ ဝမ်းသာတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က ပထမဦးစားပေးရမယ်ဆိုတာ ဟုတ်ပါတယ်။ ကျွန်တော်တို့ ပြောချင်တဲ့ သတင်းစကားက ရှင်းပါတယ်။ ဒီမိုကရေစီ သွားချင်တယ်ဆိုရင် ငြိမ်းချမ်းမှုရှိအောင်အရင်လုပ်ရပါမယ်။ ပဋိပက္ခတွေနဲ့ ဒီမိုကရေစီဆိုတာ ဆန့်ကျင်ဘက်ပါ။ ဒီတော့ ပဋိပက္ခတွေ မရှိဖို့၊ ငြိမ်းချမ်းရေးရဖို့လိုပါမယ်။ ပဋိပက္ခတွေနဲ့ ဆင်းရဲခြင်းဆိုတာက ယှဉ်တွဲနေတာပါ။ ဒီတော့ ဆင်းရဲခြင်းတွေ ကင်းအောင်အတွက်လည်း ပဋိပက္ခတွေမရှိအောင် အရင်လုပ်ရပါမယ်။

၂၀၁၇ နှစ်ကုန်မှာ မြန်မာနိုင်ငံအခြေအနေတွေက အခုထက် အများကြီးတိုးတက်နေလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ မြန်မာပြည်သူတွေပျော်ရွှင်ပါစေ။

## ရခိုင်ပြည်နယ် မြို့နယ်ပေါင်းစုံ အားကစားစွမ်းရည်ဖော်ထုတ်

**အမ်း ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ရခိုင်ပြည်နယ်ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်အဖြစ် မြို့နယ်ပေါင်းစုံ အားကစားစွမ်းရည် ဖော်ထုတ်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီက အားကစားနည်းများအလိုက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ်မှ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ဉာဏ ဖွံ့ဖြိုးရေးသာမက ကာယဖွံ့ဖြိုးမှုရရှိစေရေး ရည်မှန်းချက်နှင့်အညီ ရခိုင်ပြည်နယ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် အားကစားစွမ်းရည်ဖော်ထုတ်ပွဲ၊ မြို့နယ်အလိုက် အခြေခံပညာကျောင်းများ၏ ပြေးခုန်ပစ် အားကစားပြိုင်ပွဲကို ကျင်းပခဲ့သည်။



အားကစားပြိုင်ပွဲများအဖြစ် မီတာ ၅၀ မှ ၁၀၀ အထိအပြေးပြိုင်ပွဲ၊ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ တန်းအမြင့်ခုန်၊ သုံးဆင့်ခုန်၊ အလျားခုန်၊ သံလုံးပစ်၊ သံပြားဝိုင်းပစ်ပြိုင်ပွဲများကို အမျိုးသား၊ အမျိုးသမီး ပွဲစဉ်အလိုက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကာ ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အမ်းမြို့နယ်အတွင်းရှိ ကျေးရွာများ ၂၄ နာရီ လျှပ်စစ်မီးရရှိ

**အမ်း ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ကျေးရွာများလျှပ်စစ်မီးရရှိစေရန် အရှိန်အဟုန်မြှင့်တင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့်ဆောင်ရွက်နေသော ကျေးရွာကိုးရွာရှိသည့်အနက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲစက်ရုံတည်ဆောက်ပြီးဖြစ်သော ဆူးပုတ်ပျဉ်းတောကျေးရွာနှင့် ဆင်တိုကျေးရွာ၌ အိမ်ထောင်စုဝင် ၁၁၈ ဦးရှိ၍ ၆၆ ဦးမှာ လျှပ်စစ်မီတာများ တပ်ဆင်ပြီးစီးပြီဖြစ်ကာ ဒီဇင်ဘာ ၂၇ ရက် ညနေ ၄နာရီမှစတင်၍ ၂၄ နာရီ ဓာတ်အားပြည့်ဝစွာ သုံးစွဲလျက်ရှိကြောင်း သိရသည်။

ကျန်ရှိသော အိမ်ထောင်စုများအတွက်လည်း လျှပ်စစ်သုံးမီတာများ တပ်ဆင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးလှိုင် ဦးဆောင်သော ဝန်ထမ်းများနှင့်အတူ အချိန်မီလျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်မီးရရှိပြီးသော ကျေးရွာနှစ်ရွာမှာ အမ်းမြို့နှင့်ငါးမိုင်ဝေးကွာ၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ယခုလျှပ်စစ်မီးရရှိပြီးကျေးရွာနှင့် ဆက်လက်ရရှိမည့် ကျေးရွာများသို့ ကွင်းဆင်းပြီး လူထုဟောပြောပွဲနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

## မန္တလေးတောင်တော် ဗျာဒိတ်ပေးဘုရား ဘက်စုံပြုပြင်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးတောင်တော်ရှိ ဗျာဒိတ်ပေးဘုရားကြီး ဘက်စုံပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ဘုရားဂေါပကအဖွဲ့ရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် မူလအလှူရှင်ဖြစ်သူ အောင်ရည်ဖြိုးကုမ္ပဏီမိသားစုက ပြန်လည်မွမ်းမံပြုပြင်ရန်အလှူငွေကျပ် ၆၆၁၄၀၀၀ ကို ပေးအပ်လှူဒါန်းရာ တောင်တော်အုပ်ချုပ်ရေးဆရာတော် ဘဒ္ဒန္တ ဉာဏဝံသနှင့် ဂေါပကရုံးတာဝန်ရှိပုဂ္ဂိုလ်များက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# အိုင်အက်စ်အကြမ်းဖက်ဝါဒသည် ဂျာမနီအတွက် အကြီးမားဆုံးစမ်းသပ်မှုဖြစ်ကြောင်း မာကယ်ပြော

**ဘာလင် ဒီဇင်ဘာ ၃၁**



အိုင်အက်စ်အကြမ်းဖက်ဝါဒသည် ဂျာမနီနိုင်ငံအတွက် အကြီးမားဆုံး စမ်းသပ်မှုတစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ်အန်ဂျလာမာကယ်က ယနေ့ ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ထို့ပြင် ခရစ္စမတ်မတိုင်ခင် ဘာလင်၌ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတိုးမြှင့်စေမည့် ဥပဒေများကို ပြဋ္ဌာန်းသွားရန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း မာကယ်က ပြောခဲ့သည်။

၂၀၁၇ ခုနှစ်တွင် စတုတ္ထသက်တမ်းအတွက် တာဝန်ဆက်ယူရန် ကြိုးစားနေသော မာကယ် အနေဖြင့် လွန်ခဲ့သော ၂၀၁၆ ခုနှစ်သည် ကမ္ဘာကြီးအား ဇောက်ထိုးမိုးမျှော် အခြေအနေများဖြစ်ပေါ်စေခဲ့ကြောင်း သုံးသပ်ပြောကြားခဲ့သည်။ ထို့ပြင် အန်ဂျလာမာကယ်က ဂျာမန်ပြည်သူများအား အမျိုးကြိုက်ဝါဒများကို ရှောင်ရှားပြီး ဥရောပသမဂ္ဂရင်ဆိုင်နေရသော ဘေးဒုက္ခများအား ဦးဆောင် ဦးရွက်ပြုနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဥရောပသမဂ္ဂ ကဲ့သို့ကမ္ဘာကြီးအား ကပေါက်တိကပေါက်ချာ ဖြစ်စေသော ၂၀၁၆ ဖြစ်ရပ်များနှင့် ပတ်သက်ပြီး မေးခွန်းထုတ်ရမည့်အချိန် ကျရောက်ခဲ့ပြီဖြစ်ကြောင်း မာကယ်က ထပ်မံပြောကြားခဲ့သည်။

သို့သော်လည်း ၂၀၁၇ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မာကယ်အနေဖြင့် ကျိန်းသေမှု တစ်စုံတစ်ရာမရှိသေးကြောင်း သိရသည်။

**(ရိုက်တာ)**

# သေဆုံးသူများနှင့်အတူ ပျက်ကျလေယာဉ်ကို ဝါရှင်တန်ပြည်နယ်အနောက်ပိုင်း၌ တွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် အနောက်ပိုင်း၌ ပျက်ကျခဲ့သည့် လေယာဉ်ငယ်တစ်စင်း၏အစိတ်အပိုင်းများကို ယမန်နေ့နံနက်ပိုင်းက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ လေယာဉ်ပေါ်ပါသူ လေးဦးစလုံး သေဆုံးနေကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောခဲ့သည်။



လေယာဉ်ပျက် ရှာဖွေမှုတွင် ဝါရှင်တန်ပြည်နယ်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးဌာနပါဝင်ခဲ့ပြီး ရေဒါအချက်အလက်များနှင့် အရေးပေါ်ဆင်းသက်ခြင်းဆိုင်ရာ ထုတ်လွှင့်ချက်အတိုင်း ရှာဖွေခဲ့သောကြောင့် နောက်ဆုံးတွင် ဂျက်ဖာဆန်ပြည်နယ်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိခဲ့ခြင်းဖြစ် သည်။

လေယာဉ်သည် မပျက်ကျခင် ဝါရှင်တန်ပြည်နယ် ဆီရက်တဲလ်မှ အမေရိကန်နိုင်ငံ အိုလံပစ်ကျွန်းဆွယ် အနောက်မြောက်ဘက် အစွန်အဖျားရှိ ပို့အိန်ဂျယ်သို့ ဒီဇင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က ထွက်ခွာလာခဲ့ပြီး ၆ နာရီ ၄၄ မိနစ်တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်းသိရသည်။

လေယာဉ် ပျက်ကျမှုကြောင့် လေယာဉ်ပေါ် ပါရှိသူများအားလုံး သေဆုံးခဲ့ပြီး သေဆုံးသူများ၏ သတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ကလေး၁၁ ဦးနှင့်အထက် မွေးဖွားခဲ့သည့် မိခင်များကို မော်လ်ဒိုဗာသမ္မတက ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်

**ဘူခါရက်စ် ဒီဇင်ဘာ ၃၁**

မော်လ်ဒိုဗာနိုင်ငံ၌ ကလေး ၁၁ ဦးနှင့်အထက် မွေးဖွားခဲ့သည့် မိခင်လေးဦးကို သမ္မတအစ်ဂေါ်ဒိုဒွန်က ယမန်နေ့က ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သမ္မတ၏ဂုဏ်ထူးဆောင်ဘွဲ့ရရှိခဲ့သည့် မိခင်များအနက် နှစ်ဦးသည် ကလေး ၁၁ ဦးစီ မွေးဖွားခဲ့ပြီး ကျန်နှစ်ဦးသည် ကလေး ၁၂ ဦးနှင့် ၁၃ ဦးစီ အသီးသီးမွေးဖွားခဲ့ကြောင်း သမ္မတရုံးသတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

မိသားစုဘဝတည်ဆောက်ရေးနှင့် လူမှုတာဝန်သိသော မိသားစုတစ်စုဖန်တီးနိုင်ရန် သမ္မတက ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ထို့ပြင် လူဦးရေများသည့်အတွက် ကျန်းမာရေးအခြေအနေ ကောင်းမွန်ရေးအတွက် စောင့်ရှောက်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အစ်ဂေါ်ဒိုဒွန်သည် လွန်ခဲ့သည့် သီတင်းပတ်မှစ၍ သမ္မတတာဝန်ယူခဲ့သူဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# နှစ်သစ်ကူးကာလအတွင်း ပန်ဂျပ်ပြည်နယ်၌ အရက်အဆိပ်သင့်ပြီး လူပေါင်း ၄၂ ဦးသေဆုံး

**ပန်ဂျပ် ဒီဇင်ဘာ ၃၁**

ခရစ္စမတ်ကာလအတွင်း ပါကစ္စတန် ပန်ဂျပ်ပြည်နယ် တိုဘာတက်ခ်ဆင်းဂ်ဒေသတွင် ယမန်နေ့က အဆိပ်ရှိသောအရက်သောက်သုံးမိသောကြောင့် ယခုအချိန်ထိ လူပေါင်း ၄၂ ဦးသေဆုံးနေပြီဖြစ်ကြောင်း သိရသည်။ အဆိပ်ရှိအရက်သောက်သုံးမိသူများကို ဆေးဝါးကုသပေးလျက်ရှိရာ သေဆုံးသူအရေအတွက်မှာ ထပ်မံတိုးပွားလာဖွယ်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ လွှတ်တော်၏ ပြည်ထဲရေးနှင့် မူးယစ်ဆေးဝါးတားဆီးရေးကော်မတီဥက္ကဋ္ဌ ရာမန်မလိခ်က တိုဘာတက်ခ်ဆင်းဂ်ဒေသအစိုးရအား ယင်းကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရန်နှင့် တွေ့ရှိချက်များအား အစီရင်ခံစာတင်ရန်ပြောကြားခဲ့သည်။ ထို့ပြင် အဆိပ်ရှိသောအရက်များအား တရားမဝင်ထုတ်လုပ်ရောင်းချသူများကို ပြင်းထန်စွာအရေးယူသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

များမကြာမီနှစ်များအတွင်း ပါကစ္စတန်နိုင်ငံတွင် အရက်သောက်ခြင်းကြောင်း အဆိပ်သင့်မှုမကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တောင်ဆူဒန်ရှိ အက်စ်ဒီအက်ဖ်အဖွဲ့များ၏ လုံခြုံရေးစိတ်ချရအောင် ဂျပန်လုပ်ဆောင်

**တိုကျို ဒီဇင်ဘာ ၃၁**

တောင်ဆူဒန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းတာဝန်များတွင် ပါဝင်ဆောင်ရွက်နေသော ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (SDF) များ၏ လုံခြုံရေးကိုစိတ်ချရအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်လုံခြုံရေးဆိုင်ရာ ဥပဒေသစ်အရ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၃၅၀ ကို ဒီဇင်ဘာ ၁၂ ရက်ကတည်းက လုပ်ငန်းတာဝန်များ တိုးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများအတိုက်ခံရလျှင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့အားကာကွယ်မှုပြုရန် လက်နက်ကိုင်တိုက်ခိုက်နိုင်ကြောင်း သိရသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် လတ်တလောတွင် မြို့တော်ဂျူဘားနှင့် အနီးဝန်းကျင်ဒေသများ၌ လမ်းများနှင့် အခြားအခြေခံ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိကြောင်းသိရသည်။ မြို့တော်၏လုံခြုံရေးအခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သို့သော်လည်း အချို့ကာကွယ်ရေးဆိုင်ရာအရာရှိများက လက်ရှိအခြေအနေထက် တဖြည်းဖြည်းဆိုးရွားလာမည်ကို စိုးရိမ်လျက် ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဘဂ္ဂဒက်၌ ဗုံးနှစ်လုံးဆင့်ပေါက်ကွဲ သေဆုံးသူ ၂၈ ဦးထိ မြင့်တက်လာ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဒီဇင်ဘာ ၃၁ရက်က ဗုံးနှစ်လုံးဆင့်၍ပေါက်ကွဲခဲ့သောကြောင့် သေဆုံးသူ ၂၈ ဦးအထိ မြင့်တက်လာပြီး ၅၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

မြို့တော်ဘဂ္ဂဒက် ဆီနက်ခ်ရေိယာရှိ ကားအပိုပစ္စည်းရောင်းချသည့်ဈေးတန်းအတွင်း ယနေ့နံနက်ပိုင်းက အသေခံဗုံးခွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး မကြာမီ ယင်းဧရိယာရှိ စာတိုက်ရုံးနား၌ နောက်ထပ် အသေခံဗုံးဖောက်ခွဲမှုတစ်ခုထပ်မံဖြစ်ပွားခဲ့ကြောင်း သတင်းရင်းမြစ်များတွင် ဖော်ပြခဲ့သည်။ နံနက်ပိုင်း ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ပြီး ၄၅ ဦး ဒဏ်ရာရရှိခဲ့ကာ ဗုံးဖောက်ခွဲမှုကို မည်သည့်အဖွဲ့ကလုပ်ဆောင်ခြင်းဖြစ်ကြောင်း မသိရှိရသေးသော်လည်း ယင်းကဲ့သို့ ဗုံးဖောက်ခွဲမှုများကို အိုင်အက်စ်စစ်သွေးကြွအုပ်စုက အများဆုံးလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံတစ်ဝန်း၌ဖြစ်ပွားသော အကြမ်းဖက်မှုများအရ ယခင်လအထိ အီရတ်နိုင်ငံသား ၂၈၈၅ ဦးသေဆုံးခဲ့ပြီး ၁၃၈၀ ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂထောက်ပံ့ရေးအဖွဲ့က ပြောခဲ့သည်။

**(ဆင်ဟွာ)**



# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ**

**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄။)**

**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သက်ကြီးရွယ်အို** ဆိုသည်မှာ အသက် ၆၀ နှစ်နှင့် အထက်ရှိသော မြန်မာနိုင်ငံသားအားလုံးကို ဆိုသည်။

(ခ) **အိုမင်းမစွမ်းသူ** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အိုကိုဆိုသည်။

(ဂ) **စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွား** ဆိုသည်မှာ သားသမီးနှင့်မြေးများမရှိခြင်းကြောင့်ဖြစ်စေ၊ သားသမီးနှင့် မြေးများရှိသော်လည်း ၎င်းတို့က စွန့်ပစ်ထားခြင်း၊ လျစ်လျူရှုပြီး မထောက်ပံ့ခြင်း သို့မဟုတ် ထောက်ပံ့နိုင်မှုမရှိခြင်းကြောင့်ဖြစ်စေ ဆင်းရဲချို့တဲ့သော သို့မဟုတ် မိမိကိုယ်တိုင်ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အို မိဘဘိုးဘွားကို ဆိုသည်။ ယင်းစကားရပ်တွင် မိဘမဲ့ သို့မဟုတ် မိဘရှိသော်လည်း မိဘများကိုယ်စား သားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် သွေးရင်းဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတို့နှင့် သွေးသားမတော်စပ်သော်လည်း ကြည့်ရှုစောင့်ရှောက်ခဲ့သည့် ပုဂ္ဂိုလ်များလည်း ပါဝင်သည်။

(ဃ) **စရိတ်ထောက်ပံ့မှု**ဆိုရာတွင် သက်ကြီးရွယ်အို၏ လိုအပ်သော စားဝတ်နေရေး၊ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတို့အတွက် ထောက်ပံ့ဖြည့်ဆည်းပေးရသော စရိတ်တို့ ပါဝင်သည်။

(င) **မိဘ**ဆိုသည်မှာ မိရင်း၊ ဖရင်းနှင့် မွေးစားမိဘတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် လင်ပါ၊ မယားပါသားသမီးများအား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် မိထွေး၊ ပထွေးများလည်း ပါဝင်သည်။

(စ) **သားသမီး** ဆိုသည်မှာ သားရင်း သမီးရင်း၊ မွေးစားသားနှင့် မွေးစားသမီးတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် မိထွေး၊ ပထွေးက ကြည့်ရှုစောင့်ရှောက်ခဲ့သည့် လင်ပါ၊ မယားပါ သားသမီးများလည်း ပါဝင်သည်။

(ဆ) **သက်ကြီးရွယ်အိုသက်သေခံကတ်ပြား** ဆိုသည်မှာ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန် ဤဥပဒေအရ ထုတ်ပေးထားသော သက်သေခံကတ်ပြားကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နှစ်သစ်မှာ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းသာယာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါစေ



**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**

လာမယ့် ၂၀၁၇ ခုနှစ် နှစ်သစ်မှာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစီးဆောင်ရွက်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုတွေ ရပါစေ၊ မြန်မာနိုင်ငံအတွင်းကိုလည်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု တွေ ဝင်ရောက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များတိုးတက်လာပြီးတော့ နိုင်ငံသူ နိုင်ငံသားတွေ အလုပ်အကိုင်တွေ ရကြပါစေ၊ နိုင်ငံခြားမှာ သွားရောက်ပြီးမှ အပင်ပန်းခံနေတဲ့ မြန်မာနိုင်ငံသား တိုင်းရင်းသားတွေကို အမိမြန်မာနိုင်ငံတော်ရဲ့ရင်ခွင်မှာ ပြန်လည်ခေါ်ယူ အလုပ်အကိုင် ချထားပေးပြီးတော့ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ပါစေ၊ တည်ဆောက်နေတဲ့ အခြေခံပြည်သူတွေအတွက် အိမ်ရာစီမံကိန်းတွေလည်း ဒီထက်တိုးတက်ပြီး အကောင်အထည်ဖော်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ နှစ်သစ်မှာ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းသာယာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါစေ၊ ဘာသာသာသနာတွေလည်း ပိုမိုထွန်းကားပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

# ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ၏ နှစ်သစ်ဆုတောင်းစကားများ



စာရေးဆရာမ ပုညခင်



ဇာဂနာ



ဒါရိုက်တာကြည်ဖြူသျှင်



ဝိုင်းစုခိုင်သိန်း



အိမ့်ချစ်



ဂုဏ်ရည်အေးကျော်

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ မြတ်စန္ဒီသင်းဇော်**

**ဓာတ်ပုံ - လှူမှုကွန်ရက်**

**စာရေးဆရာမ ပုညခင်**

၂၀၁၇ နှစ်သစ်မှာ စာပေပရိသတ်တွေအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ပြည်သူအားလုံးလည်း နှစ်သစ်မင်္ဂလာပျော်ရွှင်ချမ်းမြေ့ကြသလို ကောင်းသောလိုအင်ဆန္ဒမှန်သမျှ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သပေးပါတယ်။

**ဇာဂနာ**

နှစ်သစ်ကူးပြီဆိုတာနဲ့ စိတ်သစ်တွေပါကူးဖို့ လိုတယ်။ ဒါမှလည်း လူနေထိုင်မှုဘဝ အသစ်တွေလည်း ကူးပြောင်းကြရပါလိမ့်မယ်။ နှစ်သစ်ကူးရင် စိတ်သစ်ကူးပါ၊ စိတ်သစ်ကူးရင် ဘဝသစ်ကူးပါလိမ့်မယ်လို့ အားလုံးကို မေတ္တာရပ်ခံချင်ပါတယ်။

**ဒါရိုက်တာကြည်ဖြူသျှင်**

၂၀၁၆ ကနေ ၂၀၁၇ နှစ်သစ်ကူးပြီ၊ ဒီအချိန် နှစ်သစ်ကူးတိုင်းမှာ အားလုံးရဲ့စိတ်တွေ အကုန်လုံးကတော့ နှစ်ဟောင်းကနေနှစ်သစ်ကိုရောက်ပြီဆိုရင် ပျော်ရွှင်လန်းဆန်းမှုတွေ ရှိတာပဲ။ အဲဒီလိုပဲ နှစ်ဟောင်းမှာရှိတဲ့ ကိုယ့်ရဲ့စိတ်ဓာတ်တွေကို နှစ်သစ်မှာ ပိုပြီးကောင်းမွန်အောင် ပြောင်းလဲဖို့လိုတယ်။ ပျော်ရွှင်မှုနဲ့အတူ ကောင်းသောပြောင်းလဲခြင်းတွေကိုလည်း နှစ်သစ်ကို သယ်ဆောင်သွားပါ။ ကိုယ့်မှာရှိတဲ့ အားနည်းချက်တွေ ပြင်ရမယ့်စိတ်ဓာတ်တွေကို နှစ်ဟောင်းမှာထားခဲ့ပါ၊ ပြီးရင် နိုင်ငံရဲ့တိုးတက်မှုနဲ့အတူ လူတိုင်း လူတိုင်း ပျော်ရွှင်သောနှစ်သစ်ကို ပျော်ရွှင်စွာနဲ့ အားလုံးလိုအပ်ချက်မရှိ ပြည့်စုံစွာနဲ့ ပြောင်းလဲနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ဝိုင်းစုခိုင်သိန်း**

အခု နှစ်သစ်ကနေစပြီးတော့ ချစ်တဲ့ပရိသတ်တွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ မိမိလိုချင်တဲ့ ဆန္ဒတွေအားလုံး ဒီနှစ်ကနေစပြီး အကောင်အထည်ဖော်နိုင်ပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်။

**အိမ့်ချစ်**

နှစ်သစ်မှာ လူတိုင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေ။ စီးပွားလာဘ်လာဘတွေလည်း အရင်နဲ့မတူဘဲ ဒီထက်တိုးတက်ကောင်းမွန်စွာ ရှာဖွေလို့ရကြပါစေ။ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အစစအရာရာ တိုးတက်ကြပါစေလို့ အိမ့်ချစ်က ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ရှင်။

**ဂုဏ်ရည်အေးကျော်**

တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်တဲ့နှစ်သစ်ကို ပိုင်ဆိုင်ပါစေ၊ နှစ်တစ်နှစ်ကုန်ဆုံးတော့မယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် မိမိကိုယ်ကို ပြန်ပြီးလေ့လာကြည့်ရှုသင့်ပါတယ်။ ဒီအထဲမှာ ကိုယ့်အနေနဲ့ ဘာတွေမကြိုက်တာများ ကြုံတွေ့ခဲ့ရသလဲ။ ပိုကောင်းတာတွေ ဘာဖြစ်ခဲ့သလဲ၊ နှစ်သစ်ကိုရောက်ပြီဆိုတာနဲ့ အမှားတွေနည်းသွားအောင်၊ ပိုပြီးအောင်မြင်လာအောင်၊ ပိုပြီးကောင်းလာအောင် ပြန်လည်ပြင်ဆင်ရင်း ပိုမိုကောင်းမွန်တဲ့ နှစ်သစ်ကို ရယူပိုင်ဆိုင်နိုင်ကြပါစေလို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက်ရော ပရိသတ်ကြီးအတွက်ပါ ဆုတောင်းပေးလိုက်ပါတယ်။

**ထွန်းရတီ**

၂၀၁၆ ခုနှစ်အကုန် Happy New Year မှာ ၂၀၁၇ ခုနှစ်ကို စတင်ဝင်ရောက်ချိန်ကစပြီး ချစ်သောပရိသတ်ကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ပိုပြီးလည်းပျော်ရွှင်ကြပါစေ၊ စီးပွားလာဘ်လာဘလည်း ပိုပြီးတော့ကောင်းမွန်ပါစေ၊ ကျန်းမာရေး၊ လူမှုရေး၊ အချစ်ရေးတွေ အစစ အားလုံး အဆင်ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**နန်းခင်ဇေယျာ**

နှစ်သစ်မှာ ပြည်သူတွေအားလုံး နှစ်ဟောင်းကရှိခဲ့တဲ့ စိတ်ဒုက္ခခံစားရတာတွေ၊ အခက်အခဲတွေ ခံစားရတာတွေ၊ နှစ်ဟောင်းမှာ အားလုံးပါသွားပြီး နှစ်သစ် ကံကောင်းခြင်း ဆုလာဘ်များစွာတွေနဲ့ ပျော်ရွှင်မှုများစွာကို ရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။



ထွန်းရတီ



နန်းခင်ဇေယျာ



ယွန်းဝတီလွင်မိုး

**ယွန်းဝတီလွင်မိုး**

တစ်တိုင်းတစ်ပြည်လုံးမှာရှိကြတဲ့ ပြည်သူတွေအားလုံး နှစ်သစ်ကနေစပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**သျှားထွင့်အိန္ဒြာ**

လာမယ့် ၂၀၁၇ ခုနှစ်မှာ ကမ္ဘာသူကမ္ဘာသားတွေရော မြန်မာပြည်သူပြည်သားတွေရော ပရိသတ်ကြီးရော စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ စိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒတွေအားလုံး ပြည့်ဝကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။



သျှားထွင့်အိန္ဒြာ



ဖိုးချစ်

**ဖိုးချစ်**

အတိတ်က မကောင်းသောအဟောင်းများကို ထားခဲ့ပြီး အနာဂတ်မှာ ကောင်းခြင်းများနှင့် ချီတက်ကြပါစို့၊ မြန်မာပြည်သူ ပြည်သားများအားလုံးနှင့်အတူ ပြည်သူ၏နား၊ ပြည်သူ၏ မျက်လုံးဖြစ်သော မီဒီယာများသည်လည်း အစွန့်ရှည်တည်တံ့စွာ ဤနှစ်သစ်မှာ ကောင်းခြင်းများရရှိပါစေ။

## ရင်တွင်းဖြစ်တေး

❒ သည်မြို့ရွာ သည်ရိပ်မြုံ
မေတ္တာခြုံ လုံပါကော
သုတ်လေချို ပန်းစုံမွှေး
ကျေးငှက်သံနှော။
❒ သည်ဝန်းကျင် သည်ဒေသ
သည်အလှ သည်ဗွေချော။
အေးရိပ်ဝေဆာ။
ကြည့်စမ်းပါ ဆွေသဟာ
ပုံရိပ်လှာ လရောင်ထွေး
လွှဲမသွေ
မြဲတစေ ခိုင်ခံ့ပါလို့
စာကဗျာသီဖွဲ့ခင်း
ရင်တွင်းဖြစ်တေး။
❒ ဖြစ်နိုင်တာ ဖြစ်ဖို့တွေး
ဖြစ်နိုင်ရေး အခြေတည်၊
များကျိုးမျှော်ရည်။
တစ်စိတ်တစ်ဝမ်းရယ်နဲ့
ရိပ်စခန်းအားမာန်ချီ
ဘာမထီ စိတ်ဓာတ်လောင်း။
ဉာဏ်အစဉ်ပြေးပါလို
အမှန်မြင်ဆေးတစ်ဖုံပါပဲ
စိတ်အာရုံ ကောင်းမွေဖြန့်
ရှင်းသန့်စေကြောင်း။

ဖိုးလေးလုံးသောင်းကိုကို

# ကန်သင်းရိုးပေါ်တွင် အလေ့ကျပေါက်သည့်နေလှည့်စေ့များ တရုတ်နိုင်ငံမှဈေးကောင်းပေးဝယ်

**မန္တလေး ဒီဇင်ဘာ ၃၁**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများရှိ ကန်သင်းရိုးပေါ်တွင် အလေ့ကျပေါက်လျက်ရှိသည့် နေလှည့်စေ့များကို တရုတ်နိုင်ငံမှ ဈေးကောင်းပေး၍ ဝယ်ယူနေပြီး ယခုပေါ်ဦးပေါ်ဖျား နတ်တော်လအတွင်းမှာပင် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ အထိရောက်ရှိနေကြောင်း မန္တလေးဈေးကွက်မှ သိရသည်။

အဆိုပါနေလှည့်ပင်များသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများရှိ ကန်သင်းရိုးများပေါ် တွင်လည်းကောင်း၊ ကုလားပဲခင်း၊ ကြက်သွန်ခင်း၊ မြေပဲခင်းများတွင်လည်းကောင်း အများဆုံး ရောနှောပေါက်ရောက်လေ့ရှိပြီး အထူးသဖြင့် ငရုတ်စိုက်ခင်းများအနီးတွင် ပိုမိုပေါက်ရောက် ဖြစ်ထွန်းလေ့ရှိသည်။

နေလှည့်စေ့အရွယ်အစားမှာ မတ်ပဲအရွယ်နီးပါးခန့်ရှိ၍ အရောင်မှာ အနက်ရောင်ဖြစ်ကာ နှစ်စဉ် နတ်တော်လတွင်စတင်ထွက်ရှိပြီး မန္တလေးဈေးကွက်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချကြောင်း ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီနေလှည့်စေ့ကို မန္တလေးပွဲရုံတွေကပဲ ဒိုင်ခံဝယ်ယူပြီး တရုတ်ကိုတင်ပို့တာပါ။ သူတို့က ဒီအစေ့ကို ဆေးဝါးဖော်စပ်တဲ့နေရာမှာ အသုံးပြုတယ်လို့ သိရတယ်။ ဝယ်လိုအားကလည်း ကောင်းလာတဲ့အပြင် တစ်နှစ်ထက်တစ်နှစ် ဈေးကမြင့်လာတော့ တောင်သူတွေ ကန်သင်းရိုး ပေါင်းပင်က ငွေသီးနိုင်တဲ့အခွင့်အရေးပေါ့ဗျာ"ဟု ၎င်းက ပြောသည်။

အဆိုပါနေလှည့်စေ့များကို တရုတ်နိုင်ငံမှ ဝယ်ယူနေသည်မှာ ဆယ်စုနှစ် တစ်ခုထိရှိနေပြီဖြစ်သော်လည်း စတင်ဝယ်ယူခဲ့စဉ်က တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ သာဈေးရှိခဲ့သဖြင့် တောင်သူများစိတ်ဝင်စားမှုနည်းပါးခဲ့သော်လည်း နောက်ပိုင်းတွင် ဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်လာကာ ၂၀၁၂ ခုနှစ်တွင် တစ်ပိဿာ ငွေကျပ် ၈၀၀ ဈေးအထိရောက်ရှိခဲ့ပြီး ၂၀၁၄ ခုနှစ် တွင် ငွေကျပ်၄၅၀၀ ဈေးအထိ ထူးခြားစွာ မြင့်တက်ခဲ့ဖူးကြောင်းနှင့် ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံး ငွေကျပ် ၂၀၀၀ အထိ ရောက်ရှိခဲ့သည်။

နေလှည့်စေ့များသည် မိတ္ထီလာ၊ သဲတော၊ ဝမ်းတွင်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ သာစည်နှင့် မုံရွာနယ်တစ်ဝိုက်တို့တွင်သာ အများဆုံးပေါက်ရောက်လေ့ရှိသဖြင့် ယခုထက် ပိုမိုဖြစ်ထွန်းအောင်မြင်စေရန် သုတေသနပြုတိုးချဲ့စိုက်ပျိုးနိုင်ရန် အကြံပြုထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဖြူးမြို့ဘိုးဘွားရိပ်သာတွင် သောက်ရေသန့်စက်ဖွင့်ပွဲကျင်းပ

**ဖြူး ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ဘိုးဘွားရိပ်သာတွင် သောက်ရေသန့်စက် ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ မေတ္တာရေစင် သောက်ရေသန့်စက်၌ ကျင်းပရာ အဘိုးအဘွားများ၊ ဧည့်သည်တော်များနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သောက်ရေသန့်စက်တည်ဆောက်နိုင်ရေးအတွက် ရပ်ဝေး ၊ ရပ်နီးမှ အလှူရှင် ၅၆ ဦးလှူဒါန်းထားသည့် မတည်အလှူငွေကျပ် ၆၆၅၅၁၀၀ ဖြင့် သောက်ရေသန့်စက်ကို တည်ဆောက်ခဲ့ရာ ငွေကျပ် ၆၉၀၂၉၂၀ ကုန်ကျခဲ့ပြီး ရေသန့်စက် တည်ဆောက်ပြီးစီးသွားသဖြင့် ဘိုးဘွားရိပ်သာတွင် ခိုလှုံနေထိုင်ကြသည့် အဘိုးအဘွား ၄၀ တို့မှာ ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်ရေသန့်များကို စတင်သောက်သုံးနိုင်ကြတော့မည်ဖြစ်ကြောင်း ဘိုးဘွားရိပ်သာကြီးကြပ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးပုနှင့် ဒုဥက္ကဋ္ဌ ဦးကိုကိုမောင်တို့ကပြောပြသည်။

(၀၅၆)



# နိုင်ငံခြားသားမေ့ကျန်ခဲ့သော ခရီးဆောင်အိတ် ပြန်လည်ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခွဲက ရွှေစည်းခုံဘုရား လုံခြုံရေးတာဝန်ကျတပ်ဖွဲ့ဝင်တစ်ဦးက ခဲရောင်ကျောပိုးအိတ်တစ်လုံးအား ကောက်ယူတွေ့ရှိထားကြောင်း အကြောင်းကြားချက်အရ သက်သေများနှင့်အတူ အဆိုပါခရီးဆောင်အိတ်အား စစ်ဆေးရာအိတ်အတွင်းမှ ခဲရောင်ကင်မရာတစ်လုံး၊ Sony ကင်မရာအနက်ရောင်တစ်လုံး၊ ခေါင်းစွပ်ဓာတ်မီးတစ်လက်၊ အားသွင်းကြိုးနှစ်ချောင်း၊ Spirit Dsp အဖြူရောင်တစ်လုံး၊ Vixter ဓာတ်ခဲတစ်လုံး၊ ဘောပင်တစ်ချောင်း၊ စာအုပ်တစ်အုပ်၊ Samsung ဖလတ်ပြားတစ်လုံး၊ မျက်မှန်ပါအိတ်နှစ်လုံး၊ ကင်မရာခေါင်းအိတ်ပါတစ်လုံး၊ အနီရောင်မိုးကာအင်္ကျီတစ်ထည်၊ OMHNNK ဆေးဘူးတစ်ဘူးတို့အား စစ်ဆေးတွေ့ရှိခဲ့ပြီး ပိုင်ရှင်ထံပြန်လည်ပေးအပ်နိုင်ရေး ဟိုတယ်များနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရုရှားနိုင်ငံသား Mr.Nosov Nikolai သည် ရွှေစည်းခုံဘုရား၌ လှည့်လည်ကြည့်ရှုစဉ် ယင်းအိတ်အား မေ့ကျန်ခဲ့ကြောင်း လာရောက်ဆက်သွယ်အကြောင်းကြားသဖြင့် ၎င်း၏ ပစ္စည်းဟုတ်၊ မဟုတ်စစ်ဆေးရာ ၎င်းပိုင်ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အိတ်ပိုင်ရှင်ဖြစ်သူထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# မှုခင်းပညာပေးယာဉ်ဖြင့် တောင်ငူသို့လာရောက်ဟောပြော

**တောင်ငူ ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၏ စီစဉ်ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဦးဆောင်ပြီး နယ်လှည့်မှုခင်းပညာပေးယာဉ်သည် ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီခွဲက တောင်ငူမြို့ ၁၈ ရပ်ကွက် ကန်လမ်း ဗိုလ်ချုပ်ကြေးရုပ်ရှေ့သို့ ရောက်ရှိလာကာ မှုခင်းပညာပေးခြင်းများ ပြုလုပ်ခဲ့သည်။



အဆိုပါ မှုခင်းပညာပေးယာဉ်နှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဖေ ဦးစီးသည့် အဖွဲ့ မှတ်(၃)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၁၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုတို့က လာရောက်ကြည့်ရှု လေ့လာသည့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများကို မှုခင်းအသိပညာပေးခြင်း၊ လူကုန်ကူးခံရသည့် အကြောင်းအရာများကို အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေး ဟောပြောခဲ့ကြသည်။

ယင်းနောက် ရဲမေများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ညနေ ၅ နာရီတွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ကြည်း၊ ရေ၊ လေ တပ်မတော်သားများအား ဂုဏ်ပြုထောက်ခံပွဲကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၃၁**

တပ်မတော်ချစ်သော ပြည်သူများစုပေါင်းပြီး ဒီဇင်ဘာ ၃၁ ရက်က ရှေ့တန်းစစ်မျက်နှာများတွင် နိုင်ငံတော်အတွက် တရားသောစစ်ပွဲများ ဆင်နွဲနေကြသည့် (ကြည်း၊ ရေ၊ လေ)တပ်မတော်သားများအား ဂုဏ်ပြုထောက်ခံပွဲကို ရွှေဘိုမြို့အဝင် အောင်မြေဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ စုရပ်သတ်မှတ်ခဲ့ပြီး ကျင်းပသည်။

စုရပ်မှ စတင်ထွက်ခွာမည့် သတ်မှတ်ချိန် မွန်းလွဲ ၁၂ နာရီခွဲ ရောက်သောအခါ အင်အား ၁၂၀၀၀ ခန့်ဖြင့် ရွှေဘိုမြို့တွင်းသို့ အောင်ဇေယျလမ်းမကြီးတစ်လျှောက် ချီတက်ကြသည်။

စီတန်းထောက်ခံပွဲနှင့်ဟောပြောပွဲသို့ ရွှေဘိုမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးတို့မှ တပ်မတော်ချစ်ပြည်သူများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ တပ်မတော်ချစ်ပြည်သူများ၊ နီးစပ်ရာ မြို့နယ်တို့မှ ပြည်သူများ လာရောက် ကြကြောင်း သိရသည်။

(၀၅၀)

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆေးရောင်စုံခြယ်ပွဲနှင့် စာအုပ်ပြပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

(၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်က ကျောင်းသားလူငယ်များ ဆေးရောင်စုံခြယ်ပွဲနှင့်စာအုပ်ပြပွဲ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျောင်းသားလူငယ်များက နှစ်သက်ရာရုပ်ပုံပန်းချီများကို ဆေးရောင်စုံခြယ်ကြသည်။ ဆေးရောင်စုံခြယ်ပြီးသည့် ပုံများကို စာကြည့်တိုက်ခန်းမတွင် ပျော်ရွှင်စွာကပ်ကြသည်။

ဆက်လက်၍ ပြည်သူ့စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသော လွတ်လပ်ရေးနှင့် ပတ်သက်သည့်စာပေများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးစာပေများ၊ လွတ်လပ်ရေးကြိုးပမ်းခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိစာပေများ၊ အခြားဗဟုသုတစာပေများ၊ ရသစာပေများကို လေ့လာဖတ်ရှုကြသည်။ စာအုပ်ပြပွဲလာရောက်ကြည့်ရှုသူများက စာကြည့်တိုက်တွင်အသင်းဝင်ပြီး မိမိတို့နှစ်သက်ရာစာပေများကို ငှားရမ်းဖတ်ရှုကြကြောင်း သိရသည်။

**လုလု**

# စိတ်ကြွရူးသွပ်ဆေးပြား ၄၃ သိန်းခန့် ဖမ်းဆီးရမိ

**ရန်ကုန်  ဒီဇင်ဘာ  ၃၁**

မူးယစ်ဆေးဝါးများတင်ဆောင်ထားသည့် စက်လှေတစ်စင်းကို ပင်လယ်ပြင်တွင် တိုက်ကင်းလှည့် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်စစ်ရေယာဉ်က ဒီဇင်ဘာ ၃၀ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖြစ်စဉ်မှာ တပ်မတော်ရေမှ စစ်ရေယာဉ်တစ်စင်း ဒီဇင်ဘာ ၃၀ ရက်က တိုက်ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ် မေယုကျွန်း၏ အနောက်မြောက်ဘက်သို့ရောက်ရှိစဉ် မသင်္ကာဖွယ် စက်လှေတစ်စင်းအား တွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူခဲ့ရာ လာရောက်ခြင်းမရှိဘဲ ထွက်ပြေးသဖြင့် လက်နက်ငယ်ဖြင့် ပစ်ခတ်ပြီး လိုက်လံဖမ်းဆီးခဲ့ရာ ည ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသည့် စက်လှေပေါ်မှ ကျေးတောပိုက်စိပ်ကျေးရွာနေ သာထွန်း (၃၇နှစ်)၊ ခင်လှ (၂၇နှစ်) နှင့် သိန်းညွှန့် (၂၅နှစ်) တို့ သုံးဦးနှင့်အတူ ပီနံအိတ်ထုပ်အကြီး ၁၈ ထုပ်တို့အား တွေ့ရှိခဲ့သဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၃ သိန်းခန့် သိမ်းဆည်းရမိခဲ့သဖြင့် ဖမ်းဆီးရမိတရားခံများနှင့် သိမ်းဆည်းရမိပစ္စည်းများအား ရဲတပ်ဖွဲ့သို့လွှဲပြောင်းပေးပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# ဓာတ်အားခွဲရုံအနီးရပ်ထားသော ဆီကားမီးလောင်

**အင်းတော်  ဒီဇင်ဘာ  ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာ 66 KV ဓာတ်အားခွဲစက်ရုံအနီး၌ ဒီဇင်ဘာ ၃၁ ရက်က ကသာမြို့မှ ဖားကန့်သို့ပို့မည့် ၁၀ ဘီး ဆီသယ်ယာဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ အင်းတော်မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှမျိုးလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ကြရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမင်းညွှန့်က မီးငြိမ်းသတ်မှုကို ကြီးကြပ်ခဲ့သည်။ အဆိုပါယာဉ်သည် အင်ဂျင်ပြင်ရန် လမ်းဘေးချရပ်ထားသည်မှာ သုံးရက်ခန့်ရှိနေပြီဖြစ်ကြောင်းနှင့် မီးလောင်မှုကြောင့် ဆီပီပါအပြည့်ဖြင့် အလုံး ၈၀ ပီပါခွံ နှစ်လုံးနှင့် ကားတစ်စီးလုံးမီးလောင်ခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်မှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။ (၁၅၆)

# ရန်ကုန်-နေပြည်တော် အမြန်လမ်း၌ လမ်းဖြတ်ကူးသူ ယာဉ်တိုက်မှုကြောင့် သေဆုံး

**ရေတာရှည်  ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကိုဖြတ်သန်းသွားသည့် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၂ နာရီခွဲ က လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး ခရီးသည်တင်ယာဉ်နှင့်တိုက်မိကာ နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

သာဂရအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင် (၁၇၆/၆ နှင့် ၇) အကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ စခန်းမှူး ရဲအုပ် ကျော်ကျော်ဦးစီးအဖွဲ့ သွားရောက်စစ်ဆေးရာ ရန်ကုန်-နေပြည်တော် အဆန်လမ်းဘေးမြေသားလမ်းပေါ်၌ ကိုဖြိုး(၂၃နှစ်) ဘုရားကြီးမြို့၊ ပဲခူးမြို့နယ်နေသူမောင်းနှင်လာသော ကန်တာ 7E/------ ယာဉ်ရပ်တန့်ထားခဲ့ပြီး အဆိုပါယာဉ်ပေါ်၌ လိုက်ပါလာသည့် ဦးခင်မောင်တင့် (၅၃နှစ်) ချင်းတွင်းလမ်း အောင်စံပယ်ရပ်ကွက် ကလေးမြို့နေသူသည် လမ်းအနောက် ဘက်မှ အရှေ့ဘက်သို့ဖြတ်ကူးစဉ် ရန်ကုန်မှ နေပြည်တော်သို့ ဇင်လင်းဦး (၃၀နှစ်) လှည်းကူးမြို့နေသူ မောင်းနှင်လာသည့် Possible Expressခရီးသည်တင် ယာဉ်နှင့်တိုက်မိကာ နေရာ၌သေဆုံးသွားခဲ့သဖြင့် သာဂရအမြန်လမ်း ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိုးကုတ်မြို့ကျောက်တွင်း၌ ကျောက်ချပ်ကြံဖက်များပြုတ်ကျ၊ ကျင်းသားခြောက်ဦးသေဆုံး

**မိုးကုတ်  ဒီဇင်ဘာ  ၃၁**

မိုးကုတ်မြို့ သဒ္ဒတ်သျှိုကျေးရွာအုပ်စု ကျောက်ဆောင်ကျေးရွာအနီး ရတနာရှင်ကျောက်မျက်ကုမ္ပဏီ၌ ဒီဇင်ဘာ ၂၉ ရက် ညနေ ၆ နာရီခွဲခန့်က ကျောက်တွင်း အနက်ပေ ၁၀၀၀ ခန့်တွင် ကျောက်ချပ် ကြံဖက်များ ပြုတ်ကျ၍ ကျင်းသား ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆောင်ကျေးရွာ ရတနာရှင် ကျောက်မျက်ကုမ္ပဏီတွင်း အမှတ် ၅ ဒသမ ၃ ၊ပေ ၁၀၀၀ ခန့် အနက်တွင် ညဆိုင်းလုပ်ငန်းများ စတင်ဆောင်ရွက်ရန်အတွက် ယခင်နှစ်က အသုံးပြုထားသည့် မျက်နှာကြက်အား ပြုပြင်နေစဉ် ကျောက်ချပ်ကြံဖက်များ ပြုတ်ကျ၍ ကျင်းသားခြောက်ဦး သေဆုံးခဲ့သည်။

အဆိုပါ အခင်းဖြစ်ပွားရာနေရာသို့ မိုးကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကံထူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် သဒ္ဒတ်သျှိုကျေးရွာသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းသားခြောက်ဦး၏ အလောင်းများကို ဆယ်ယူနိုင်ခဲ့ကြောင်းနှင့် သေဆုံးသူကျင်းသားများမှာ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းမှ လာရောက် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ခရီးသွားမယ်ဆို၊ စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။







## အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းမူပိုင် အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းလင်း ၁၄/မအန(နိုင်)၀၀၉၁၅၆ (မှတ်ပုံတင်သွင်းကြေညာသူ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

AYTS ရောသစ္စာ(Air Con) အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

အမှတ်-၁၅၆၆၃/၂၀၁၆

ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့တွင် စာချုပ်အမှတ် ၁၅၆၆၃/၂၀၁၆ ဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေသည် အထက်ဖော်ပြပါ ရောသစ္စာအဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးအမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ပါအမှတ်တံဆိပ်ကို အသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မြို့ရွာဒေသအသီးသီးတွင် အဝေးပြေးအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ၌ မိမိကိုယ်ပိုင်ဥာဏ်ဖြင့် တီထွင်အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ သုံးစွဲခြင်း၊ အသုံးပြုနေသည်ကို မတွေ့မမြင်မကြားသိရပါ။

အထက်ဖော်ပြပါခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းကို ဖော်ပြပါအမှတ်တံဆိပ်ကို အသုံးပြု၍ ရောသစ္စာအမည်ဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းအရပ်ရပ်ကို သက်ဆိုင်ရာယာဉ်လိုင်းများတွင် ကိုယ်ပိုင်မူပိုင်တံဆိပ်အမှတ်အသားအဖြစ် ဆက်လက်အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ မမှန်မကန်တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ မိုငြမ်းတုပသုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ဥပဒေလမ်းကြောင်းအတိုင်း လိုအပ်သလိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၅၄၃၉) B.A, B.Ed, H.G.P, R.L**
**၆၅ (B) ပထမထပ်၊ ရတနာလမ်း၊ ၃ ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၃၉၇၆၃၅၊ ၀၉-၅၁၈၄၁၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် 4E/5635 Nissan Vanette sk 82 TN/ P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ခိုင် ၁၂/မရက(နိုင်)၁၂၅၁၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၄၀ယ/၃၀၄၂၅ HAOTUE 125, M/C ယာဉ် အမည်ပေါက်သူ ဒေါ်နွေဦးလွင် ၉/အမဇ(နိုင်)၀၆၅၀၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ် တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# အချိန်ပိုင်းအလုပ်တွေလုပ်ရင်း အလုပ်အကိုင်အခွင့်အလမ်းတွေကို ပိုမိုမြင်တွေ့လာနိုင်မလား

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



ရှေ့တည့်တည့်တွင် ရှိနေသည့် အမျိုးသမီးကြီး၏ မျက်နှာကို အပြုံးချိုချိုဖြင့် စိုက်ကြည့်ရင်း မေးခွန်းတွေ ဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ကြောင်းကို မသူသူ(အမည်လွှဲ)ကပြောရင်း ကျောပိုးအိတ်ထဲတွင် အသင့်ထည့်ယူလာခဲ့သော မိန်းမကိုင်ခေါက်ထီးငါးလက်အနက်မှ ပထမဆုံးအလက်ကို ထုတ်ပေးသည်။ ယနေ့ မသူသူ လုပ်ရမည့် တာဝန် ငါးပုံတစ်ပုံ ပြီးဆုံးသွားပြီဖြစ်သည်။

မသူသူ၏ အလုပ်အကိုင်သည် အချိန်ပိုင်းသုတေသန အလုပ်အကိုင်ဖြစ်သည်။ တစ်နေ့လျှင် သတ်မှတ်ထားသည့် မြို့နယ် သို့မဟုတ် ရပ်ကွက်တစ်ခုမှ လူငါးဦးခန့်ကို သုတေသနမေးခွန်းများ လိုက်လံမေးမြန်းရခြင်းပင်။ လူတစ်ဦးချင်း၏ ဝင်ငွေထွက်ငွေ၊ နေ့စဉ်လူတန်းစားများစွာ၏ နေထိုင်သုံးစွဲကြမှု ပုံစံတို့ကို သုတေသနပြုကာ လိုအပ်ချက်အလိုက် သုံးစွဲသူကြိုက်နှစ်သက်စေမည့် အရာများက ဈေးကွက်ကို ပိုမိုဝင်ရောက်လာနေကြချိန်တွင် အချိန်ပိုင်းသုတေသနအလုပ်သည် မြို့ကြီးများတွင်သာမက နယ်မြို့များက လူငယ်များအတွက်ပါ အကျိုးရှိလာစေသည်။

“နေပြည်တော်က ဝန်ထမ်းအိမ်ရာတွေများတော့ တစ်ခန်းဝင်တစ်ခန်းထွက် တံခါးခေါက်ကြည့်တယ်။ သုတေသန မေးခွန်းတွေမေးချင်လို့ဆိုတော့ အများစုက မဖြေချင်ကြဘူး။ တစ်နေ့ကို ငါးဦးပြည့်ချင်မှပြည့်တယ်။ ဖြေပေးတဲ့သူတွေကို လက်ဆောင်အဖြစ် ထီးတစ်ချောင်းပေးပါတယ်။ ဒါပေမယ့်တွေ့တဲ့ သူတိုင်းကိုတော့ မေးလို့မရဘူး။ သတ်မှတ်ချက်တွေရှိတယ်။ ငါးဦးလုံးမေးနိုင်ရင် တစ်ရက်ကို ငွေကျပ်နှစ်သောင်းရတယ်။ တစ်ယောက်လျော့ရင် ငါးထောင်ပြန်နုတ်တော့ လူပြည့်အောင် မေးရတယ်။ ဒါကလည်း အမြဲတမ်းအလုပ်မဟုတ်တော့ လုပ်ရတဲ့အခါ ကြိုးစားပြီး လုပ်ဖြစ်ပေမယ့် ပုံမှန်အလုပ်ရှိထားဖို့တော့ ရှာဖွေနေတယ်”ဟု မသူသူက ပြောပြသည်။

**အချိန်ပိုင်းအလုပ်ဆိုတာ**

ပညာသင်ယူနေဆဲကျောင်းသားများနှင့် အလုပ်လုပ်ကိုင်နေသည့် ရာထူး၊ တာဝန်နှင့် ဝင်ငွေလစာ မမြင့်မားသေးသည့် လူငယ်အများစုက အချိန်ပိုင်းအလုပ်လုပ်ကိုင်ခြင်းကို နိုင်ငံတကာတွင် မြင်တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင်လည်း အချိန်ပိုင်းအလုပ်အများစုကို နေရာဒေသအလိုက် အလုပ်အကိုင်မျိုးစုံဖြင့် လုပ်ကိုင်လျက်ရှိကြသည်။ ယခုနောက်ပိုင်းတွင် အချို့သောအချိန်ပိုင်းအလုပ်များက သာမန်အလုပ်များထက်ပင် ဝင်ငွေရရှိမှု အခွင့်အလမ်း ပိုမိုများပြားလာနေသည်ကို မြင်တွေ့ရသည်။

“အချိန်ပိုင်းလို့ ခြုံငုံပြောရင် အလုပ်မျိုးစုံပါ ပါတယ်။ တိုးတက်ကြီးပွားလိုတဲ့ လူငယ်အများစုဟာ အားလပ်ချိန်တွေကို အကျိုးရှိအောင် အသုံးချနိုင်ပါတယ်။ ဒါပေမယ့် အချိန်ပိုင်းအလုပ်ဟာ အချိန်ပိုင်းလောက်သာကောင်းပြီး ပုံမှန် ဝင်ငွေရရှိတဲ့အလုပ်လို တည်မြဲမှုမရှိတာကြောင့် ရေရှည်ဆက်တိုက်မလုပ်မိဖို့လိုတယ်။ အထူးသဖြင့် အချိန်ပိုင်းအလုပ်ကြောင့် လူငယ်တွေရဲ့ပင်မအသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တွေနဲ့ ပညာဆက်လက် လေ့လာသင်ယူမှုကို မရပ်တန့်စေလိုဘူး” ဟု အလုပ်သမားအရေး သုတေသနပြုလုပ်နေသူ ဒေါက်တာဇော်လွင်က ပြောကြားသည်။

**အချိန်ပိုင်းအလုပ်လုပ်ကြသူတွေ**

“ပညာတတ်အများစုကတော့ ကိုယ်တတ်ကျွမ်းတဲ့ပညာရပ်ပေါ်မှာအခြေခံပြီး အချိန်ပိုင်းအလုပ်လုပ်နိုင်ကြသလို ကိုယ်ကာယကို အသုံးပြုပြီး သတင်းစာပို့လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်တင်ကုန်ချ၊ အလုပ်ကြမ်းစသည်ဖြင့် အမျိုးမျိုးလုပ်ကိုင်ကြသူတွေလည်း ရှိပါတယ်။ ကျွန်မက ဆေးတက္ကသိုလ်တက်နေရင်း ဂိုက်အလုပ်ကို လုပ်ဖြစ်ခဲ့တယ်။ ဆယ်တန်းကျောင်းသားတွေကို စာပြတယ်။ ကျောင်းတက်ရင်း အချိန်ပိုင်းအလုပ်လုပ်ရာကနေ ကျောင်းထွက်ပြီး ဂိုက်ပဲဆက်လုပ်ချင်စိတ်ပေါက်လာတာ။ မနည်းကို ကျောင်းပြီးအောင်အားတင်းထားခဲ့ရတယ်။ ပိုက်ဆံရပေမယ့် ကိုယ့်ပင်မလမ်းကြောင်းကို သွေဖည်မသွားဖြစ်ခဲ့ဘူး”ဟု လက်ရှိတွင် မြို့နယ်တစ်ခု၏ ဆေးရုံအုပ်တာဝန်ထမ်းဆောင်နေသူ ဒေါက်တာ တင်တင်ဌေးက ပြောပြသည်။

ပြည်တွင်းတွင် လူငယ်များက အချိန်ပိုင်းအလုပ်ခန့်အပ်ပေးရန် တောင်းဆိုမှုများ ရှိသော်လည်း ခေါ်ယူသည့်နှုန်းမှာ နည်းပါးနေသေးသည်ကို မြင်တွေ့ရပြီး စာရင်းကိုင်၊ အိုင်တီ၊ ဘာသာပြန်နှင့် ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်းများတွင် အချိန်ပိုင်း အလုပ်ခေါ်ယူမှုအနည်းငယ်ရှိကြောင်း အလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက် work.com.mm ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**အကျိုးရှိစေမယ့်အချိန်ပိုင်းအလုပ်ဖြစ်ဖို့လိုတယ်**

“မည်သူမဆို အချိန်ပိုင်းဝင်ငွေရအောင်လုပ်လို့ရပါတယ်။ အထူးသဖြင့် နည်းပညာတွေ တိုးတက်လာတဲ့ ခေတ်ကြီးထဲမှာ အိမ်မှာနေရင်း အွန်လိုင်းကနေ ငွေရှာနိုင်သလို နောက်ပိုင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှု အားကောင်းတာနဲ့အမျှ ကျင့်ဝတ်လိုက်နာတဲ့အလုပ်ရှင်တွေ ပိုပြီးပေါ်ထွက်လာမယ်။ ဒါဆိုရင် အလုပ်ချိန် တစ်နေ့ ရှစ်နာရီထက် ပိုမိုလုပ်ကိုင်နိုင်တဲ့ အချိန်ပိုင်းအလုပ်တွေ ပိုရလာနိုင်တယ်။ အခုဆိုရင် တယ်လီနောကနေ ပညာသင်ကြားဆဲကျောင်းသားကျောင်းသူတွေကို အချိန်ပိုင်းအလုပ်ခန့်ပေးတာမျိုးရှိတယ်။ အခြားနည်းပညာ လုပ်ငန်းရှင်တွေလည်း အဲဒီလိုလုပ်ပေးတာကြုံဖူးတယ်”ဟု သင်္ဘောကျင်းတစ်ခုတွင် လုပ်ကိုင်ရင်း ဘာသာပြန်ဆိုခြင်းကို အချိန်ပိုင်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

**အွန်လိုင်းကနေအချိန်ပိုင်းငွေရှာမယ်**

ယနေ့ခေတ်တွင် အလွယ်ကူဆုံးငွေရှာနည်းတစ်ခုဖြစ်သည့် အွန်လိုင်းအသုံးပြုကာ Blog Post များရေးသားခြင်း၊ အွန်လိုင်းဈေးရောင်းခြင်းနှင့် Delivery လုပ်ငန်းလုပ်ကိုင်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးလုပ်ကိုင်ခြင်း၊ ဝင်ငွေရရှိသည့် ဂိမ်းများကစားခြင်း၊ လူမှုကွန်ရက်တွင် စာမျက်နှာများဖန်တီးရောင်းချခြင်း၊ အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် စတော့ရှယ်ယာဝယ်ရောင်းလုပ်ကိုင်ခြင်းစသည့် အလုပ်အကိုင်များကို နည်းပညာကျွမ်းကျင်သည့် လူငယ်များက အလွန်အမင်း လုပ်ဆောင်နေကြသည်ကိုလည်း မြင်တွေ့ရသည်။

“Facebook Page ဖန်တီးတာတွေ၊ ထိန်းသိမ်းတာတွေ Website Developing လုပ်တာတွေမှာ နည်းပညာတတ်ကျွမ်းတဲ့သူတွေ အများဆုံးလုပ်ကြပေမယ့် အခုနောက်ပိုင်းမှာ Facebook စာမျက်နှာတွေ ဖန်တီးပြီး ဝင်ရောက်တဲ့သူများလာနဲ့အမျှ စီးပွားရေးကြော်ငြာအနည်းငယ် လက်ခံပြီး တစ်ရက်ကို ပို့စ်တစ်ခုလောက် ကြော်ငြာပေးရုံနဲ့ တစ်လကို နှစ်သိန်းကနေ သုံးသိန်းအထိ တောင်းနိုင်တယ်။ ဒါ့အပြင် အွန်လိုင်းကနေ ဈေးရောင်းတာကလည်း ယုံကြည်မှု ရှိအောင်လုပ်နိုင်မယ်ဆိုရင် အမြတ် အစွန်းများတဲ့လုပ်ငန်း တစ်ခုဖြစ်တယ်”ဟု အွန်လိုင်းမှတစ်ဆင့် အလှကုန်အမျိုးမျိုးရောင်းချနေသည့် မဆုမွန်က ပြောပြသည်။

အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုမှ မန်နေဂျာတစ်ဦးက “အလုပ်ရှာဖို့ ဖောင်လာတင်တဲ့ လူငယ်တွေထဲမှာ ရလာတဲ့ဘွဲ့ကတော့ အမျိုးမျိုးပါပဲ။ ဒါပေမယ့် သူတို့နဲ့အဆင်ပြေတဲ့ အလုပ်ဆိုတာက ရှားပါးတော့ ရတဲ့အလုပ်ကိုပဲလုပ်ကြတာပဲ။ တချို့လည်း လုပ်ရင်းနဲ့မှ ဝါသနာပါလာတဲ့ လူတွေလည်း ရှိပါတယ်။ အချိန်ပိုင်းအလုပ်ရှိလားဆိုပြီး လာကြတဲ့လူငယ်တွေက တစ်လကို မရှိဘူးဆိုရင် လူ ၂၀ လောက်ရှိမယ်။ ကျွန်မတို့ ဘက်ကလည်း အချိန်ပိုင်းအလုပ်တွေ ပေးနိုင်အောင် လုပ်ငန်းရှင်တွေကို စည်းရုံး နေပါတယ်။ ဒါပေမယ့် အချိန်ပိုင်းအလုပ်ပေးနိုင်တဲ့ လုပ်ငန်းအမျိုးအစားတွေက နိုင်ငံတကာမှာလို စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ၊ ကော်ဖီဆိုင်တွေမပါဘူး။ အိုင်တီ သမားတွေ၊ မာကတ်တင်းလုပ်ငန်းလုပ်နိုင်သူတွေနဲ့ ဘောက်လို့အလွယ်တကူခေါ်ကြတဲ့ ကြုံရာကျပန်းအလုပ်မျိုးတွေမှာပဲ နေ့စားခန့်နိုင်သေးတာကို တွေ့ရတယ်။ ဝင်ငွေရရှိ တာကတော့ ဥပမာပေးရရင် ကြော်ငြာလက်ကမ်းစာစောင်ဝေတာမျိုးဆိုရင် နေ့တွက်နဲ့ တစ်ရက်ကို ငွေကျပ် ၅၀၀၀ ဝန်းကျင်ရတတ်တယ်။ အိုင်တီသမားတွေအတွက်ကတော့ အလုပ်အပ်ရင် ပုတ်ပြတ်တောင်းပေးရတယ်။ ဘာသာပြန်သမားတွေကတော့ စာတစ်မျက်နှာကို ငွေကျပ် တစ်သောင်းကနေ ငွေကျပ် နှစ်သောင်းခွဲအထိ တောင်းပေးရတယ်”ဟု ပြောပြသည်။

**အချိန်ပိုင်းအလုပ်တွေဘယ်မှာရှာ**

လက်ရှိတွင် အချိန်ပိုင်းအလုပ် ခေါ်ယူရန် ပြည်ပအခြေစိုက်လုပ်ငန်းများကသာ ကမ်းလှမ်းမှုရှိနေကြောင်း work.com.mm ထုတ်ပြန်ချက်တွင် ပါရှိသည်။ သို့သော် တစ်ပြည်လုံးရှိ လုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက အချိန်ပိုင်းအလုပ်ခေါ်ယူလိုသည့်အကြောင်း ထုတ်ပြန်၍ ခေါ်ယူသည့် အလုပ်မှာ ၁ ရာခိုင်နှုန်းသာရှိသေးကြောင်း သိရသည်။

ပြည်တွင်းအလုပ်အကိုင်အေဂျင်စီများတွင်လည်း အချိန်ပိုင်းအလုပ်ခန့်အပ်ချိတ်ဆက်ပေးနိုင်မှု နည်းပါးနေသေးပြီး အချိန်ပိုင်းအလုပ်အများစုသည် နီးစပ်ရာများမှတစ်ဆင့် သို့မဟုတ် အလုပ်အကိုင်နှင့် ပတ်သက်သည့် ဂျာနယ်မှ တစ်ဆင့် သို့မဟုတ် အများပြည်သူအပန်းဖြေရာ၊ စုဝေးရာ ပန်းခြံ၊ ကားမှတ်တိုင်များတွင် ကပ်ထားသည့် ကြော်ငြာများမှတစ်ဆင့်သာ အများဆုံးမြင်တွေ့နေရသည်။

“ကျောင်းသားပဲဖြစ်ဖြစ်၊ အပိုဝင်ငွေရချင်တဲ့သူတွေပဲဖြစ်ဖြစ် ကိုယ်ပိုင် အရင်းအနှီးမရှိတဲ့အခါ မိမိရဲ့ ကာယစွမ်းအား၊ ဉာဏစွမ်းအားကို အသုံးချပြီး အချိန်ပိုင်းအလုပ်ကို ရှာလာကြတယ်။ သုတေသနအချက်အလက်တွေအရ အချိန်ပိုင်းအလုပ်လုပ်တာက ကောင်းကျိုးရှိသလို ဆိုးကျိုးလည်းရှိတယ်။ ကိုယ့်ရဲ့ပင်မအသက် မွေးဝမ်းကျောင်းအလုပ်ကနေ သွေဖည်သွားတာမျိုးက ဆိုးကျိုးဖြစ်ပါတယ်။ အကောင်းဆုံးကတော့ ကိုယ့်ပင်မလမ်းကြောင်းနဲ့ နီးစပ်တဲ့ အချိန်ပိုင်းအလုပ်ကို ရွေးချယ်မှသာ ရေရှည်မှာ သင်ယူပြီးသားလည်း ဖြစ်သလို အထောက်အကူ လည်းဖြစ်မယ်။ ဥပမာ လယ်သမားတစ်ဦးဟာ အပိုဝင်ငွေရအောင် မျိုးစပါးပျိုးပြီး ရောင်းတာမျိုးလုပ်နိုင်သလို၊ သတင်းထောက်တစ်ယောက်က အပိုဝင်ငွေရအောင် ဘာသာပြန်တာမျိုးလုပ်နိုင်တယ်”ဟု ဒေါက်တာဇော်လွင်က သတိပေးသည်။

**သတိထားသင့်တဲ့အချိန်ပိုင်းအလုပ်**

လူငယ်များအတွက် သတိထားသင့်တဲ့အချိန်ပိုင်းအပိုဝင်ငွေရစေမည့် အလုပ်ကတော့ Multi Level Marketing ပါ။ အများစုက အချိန်တိုတိုနှင့် ဝင်ငွေတိုးစေမည့် MLM လုပ်ငန်းများကို စိတ်အားထက်သန်လာကြကြောင်း မြင်တွေ့ရသည်။

“MLM ကအခုနောက်ပိုင်းမှာ အချိန်ပိုင်းငွေရှာလိုတဲ့သူတွေကို ပစ်မှတ်ထားကြပါတယ်။ ကျွန်မလည်း အစပိုင်းမှာ ဝင်ငွေကောင်းတဲ့အတွက် လက်ရှိလုပ်နေတဲ့ ကုမ္ပဏီကနေထွက်ပစ်ပြီး ဇောက်ချလုပ်ဖို့ ဆုံးဖြတ်ခဲ့ဖူးတယ်။ နောက်ပိုင်း ကိုယ်နဲ့မကိုက်ညီတဲ့အတွက် ရပ်ပစ်လိုက်တော့ အလုပ်ပြန်ရဖို့ ခက်ခဲသွားခဲ့ရဖူးတယ်”ဟု MLM ဖြင့် အချိန်ပိုင်းအပိုဝင်ငွေရနိုင်ရန် ကြိုးစားခဲ့သူတစ်ဦးက ပြောပြသည်။

**ကျေးလက်တွင် အလုပ်လုပ်နိုင်သူ ၇၁ ရာခိုင်နှုန်းကျန်နေသေး**

မြန်မာနိုင်ငံတွင် နောက်ဆုံးထုတ်ပြန်ထားသည့် အလုပ်သမားစစ်တမ်းအရ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ (အသက် ၁၅ နှစ်နှင့်အထက်) စုစုပေါင်း ၃၃ ဒသမ ၉ သန်းရှိသည့်အနက် ကျေးလက်တွင်နေထိုင်သည့် လူဦးရေနှုန်းသည် ၇၁ ရာခိုင်နှုန်းခန့်ရှိပြီး ၂၉ ရာခိုင်နှုန်းမှာ မြို့ပြတွင် နေထိုင်ကြကြောင်း သိရသည်။

“လူတိုင်းကို အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင် ဖန်တီးပေးတဲ့နေရာမှာ အချိန်ပိုင်းအလုပ်တွေ အားကောင်းလာဖို့လည်း လိုပါတယ်။ ဒီအတွက် အလုပ်ရှင်တွေကလည်း အချိန်ပိုင်းအလုပ်တွေအတွက် လမ်းတွေဖွင့်ပေးသင့်သလို အလုပ်လျှောက်လိုတဲ့သူတွေနဲ့ အလုပ်ရှင်တွေအကြား ပေါင်းကူးပေးဖို့ လိုအပ်နေသေးတာကို မြင်တွေ့ရတယ်”ဟု ဒေါက်တာဇော်လွင်က ပြောပြသည်။

















# မြန်မာသရ (၃)

**မောင်ခင်မင်(ဓနုဖြူ)**

"ရိုးရိုးကလေး စဉ်းစားကြည့်ကြရအောင်။ ဆရာပြောခဲ့တဲ့ ကသတ်၊ သေတ်အစရှိတဲ့ အသတ်တွေကို မြန်မာစာမှာ ဘာကြောင့်ထည့်ထားတာလဲလို့ စဉ်းစားကြည့်ဖို့ပါ"

"ဘယ်လိုစဉ်းစားရမှာပါလဲ ဆရာ"

"ကဲ... ဒီလိုဆိုရင် မြန်မာစာအရေးအသား စနစ်ဟာ ဘာကို မူတည်ပြီး တီထွင်ထားတဲ့ စနစ်လဲ"

"မြန်မာစကားသံတွေကို မူတည်ပြီး တီထွင်ထားတဲ့ စနစ်ပါ ဆရာ"

"ဒါကို သဘောပေါက်ပြီးသားပါနော်။ /က/လို့ အသံထွက်တဲ့စကားသံကို 'က' ဆိုတဲ့စာလုံးနဲ့ဖော်ပြတယ်။ /လူ/လို့ အသံထွက်တဲ့စကားသံကို 'လ' ရယ်၊ ူ(နှစ်ချောင်းငင်)ရယ် နှစ်ခုပေါင်းထားတဲ့ 'လူ' ဆိုတဲ့ စာလုံးနဲ့ဖော်ပြတယ်။ အဲဒီ သဘောမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒါဆိုရင် ခုနပြောတာကို စဉ်းစားကြည့်လို့ရပြီ။ က်(ကသတ်) ဆိုတဲ့ စာလုံးက ဘာကိုဖော်ပြတာလဲ။ ကသတ်ကို မြန်မာစာမှာ ဘာကြောင့်ထည့်ထားတာလဲကွယ်"

"ဟုတ်ကဲ့။ /က်/ကသတ်အသံကို ဖော်ပြဖို့ ကသတ်စာလုံးကို ထည့်ထားတာပါ"

"မြန်မာစကားသံတွေထဲမှာ ကသတ်အသံမရှိဘဲ ကသတ်ဆိုတဲ့ စာလုံးကိုထည့်စရာ အကြောင်းမရှိဘူးလေ။ အသံရှိလို့သာ အဲဒီအသံကို ဖော်ပြတဲ့ စာလုံးရှိတာပေါ့။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"ကျန်တဲ့အသတ်တွေလည်း အဲဒီသဘောပဲလေ။ အဲဒီအသံတွေရှိလို့သာ အဲဒီအသံတွေကို ဖော်ပြတဲ့စာလုံးတွေ တီထွင်ထားတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီလိုဆိုရင် မြန်မာစကားမှာ အဲဒီ ကသတ်၊ သေတ်၊ စသတ်၊ ညသတ်အစရှိတဲ့ အသတ်သံတွေရှိရမှာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ဒါဆိုရင် အဲဒီအသတ်သံတွေဘာဖြစ်လို့ ထည့်မဆိုကြတာလဲ။ ဆိုပါတော့ကွာ။ က ပသတ် 'ကပ်'ကို အသတ်သံထည့်ဆိုမယ်ဆိုရင် အင်္ဂလိပ်စကား cup ကိုဆိုသလို နောက်ဆုံးက 'ပ'သံ ထွက်ရမှာပေါ့။ စ နသတ် 'စန်' ကိုလည်း အင်္ဂလိပ်စကား san လို နောက်ဆုံးက 'န' သံ ထွက်ရမှာပေါ့"

"ဟုတ်ကဲ့"

"အခုတော့ 'ကပ်' တို့၊ 'စန်' တို့ကို နောက်ဆုံးက အသတ်သံမပါဘဲ ပါးစပ်ဖွင့်ပြီးဆိုကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီအသတ်သံတွေက ပြောခဲ့တဲ့အတိုင်း ဗျည်းနောက်က သရသံကို သတ်ထားတာမို့ ဗျည်းသံပဲထွက်တယ်။ စကားသံရဲ့ အဆုံးပိုင်းမို့ အဆုံးဗျည်းသံလို့ခေါ်တယ်။ အခုပြောတဲ့ 'ကပ်' တို့၊ 'စန်'တို့မှာ ဘာကြောင့် အဆုံးဗျည်းသံမထွက်တာပါလိမ့်"

"သမီးမသိပါဘူး ဆရာ"

"စဉ်းစားကြည့်လေ။ မြန်မာစာလုံးတွေက စကားသံကို အခြေခံပြီး တီထွင်ထားတာဆိုတော့ စတီထွင်တုန်းကတော့ အဆုံးဗျည်းသံ ထွက်မှာပဲလေ"

"ဟုတ်ကဲ့ပါ"

"ဒါဆိုရင် အခုဘာကြောင့် အဆုံးဗျည်းသံ မထွက်တော့တာလဲ"

"သိပါတယ်ဆရာ။ 'ထိုစကားကို ပြောအံ့ ' ဆိုတာမျိုး သုံးတာပါ။ ပြောမယ်လို့ ဆိုလိုတာပါ ။ 'မကြာမီ မိုးရွာအံ့' ဆိုတာမျိုး နောင်ဖြစ်လာမယ့်အခြေအနေကို ဖော်ပြရာမှာလည်းသုံးပါတယ်"

"ဟုတ်တယ်။ အဲဒီ 'လတ်အံ့' မှာ 'လတ် 'ရဲ့ အဆုံးဗျည်းသံ 'တ်' က နောက်က 'အံ့ 'နဲ့ အသံချင်း ပေါင်းစပ်သွားပြီး လတ်+အံ့= လတ်တံ့ =လတ္တံ့လို့ ဖြစ်လာတယ်လို့ ဆိုနိုင်တာပေါ့"

"နှစ်ပေါင်းကြာတော့ အဆုံးဗျည်းသံတွေ ပျောက်သွားလို့ အခုအသံမထွက်တော့တာလား ဆရာ"

"အေးပေါ့။ အဲဒါ အဖြစ်နိုင်ဆုံးပေါ့။ သဘာဝလည်း ကျတယ်လေ။ အဆုံးဗျည်းသံမထွက်ဘဲ အဲဒီအသတ်တွေကို အလကား သက်သက်ထည့်ထားစရာအကြောင်း မရှိဘူးလေ"

"ဟုတ်ကဲ့ပါ"

"ဒါကြောင့် မြန်မာစကားမှာ တစ်ချိန်က အဆုံးဗျည်းသံတွေ ထွက်ခဲ့ဖူးတယ်လို့ ဆိုစရာရှိတယ်။ ဘာသာဗေဒပညာရှင်ထဲမှာလည်း မြန်မာစကားမှာ အဆုံးဗျည်းသံရှိတယ်လို့ ယူဆတာတွေရှိတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီအယူအဆကို ထောက်ခံတာကတော့ မြန်မာဒေသိယ စကားတွေပဲ။ နေထိုင်တဲ့ ပထဝီဝင်အနေအထား နေရာဒေသကို လိုက်ပြီး အသံထွက်တို့၊ ဝေါဟာရတို့၊ သဒ္ဒါတို့ ကွဲပြားတဲ့ မြန်မာစကားတွေပေါ့။ ရခိုင်၊ ထားဝယ်၊ တောင်ရိုး၊ အင်းသား၊ ဓနု၊ ယော၊ မြိတ်ဒေသတွေမှာပြောတဲ့ စကားတွေပဲ။ ဒေသအလျောက်ကွဲပြားတာမို့ ဒေသ ဒေသိယစကားတွေ (regional dialects) လို့ ခေါ်တယ်"

"ဟုတ်ကဲ့"

"အဲဒီစကားတွေက အခု တို့မြေပြန့်မှာပြောနေတဲ့ မြန်မာစကားထက် ပိုပြီးရှေးကျတာပေါ့။ ပထဝီဝင်အနေအထားအရ တောင်တွေ၊ မြစ်တွေ ကာဆီးနေလို့ တစ်ချိန်က တခြားဒေသတွေနဲ့ အဆက်အသွယ်နည်းတဲ့အတွက် ရှေးကျတဲ့လက္ခဏာတွေကို ဆက်ပြီးထိန်းသိမ်းထားနိုင်တယ်လေ။ အဲဒီဒေသိယ စကားတွေမှာ အဆုံးဗျည်းသံတွေ ကြားနေရသေးတယ်ကွဲ့"

"သြော်... ဟုတ်ကဲ့ပါဆရာ"

"အသေးစိတ်တော့ မပြောသေးပါဘူး။ သာဓကတစ်ခု ပြောရရင် တို့ရန်ကုန်လိုနေရာမျိုးမှာ 'ဝက်' ကို အသံထွက်တဲ့ စကားလုံးကို ဒေသိယစကားတော်တော်များများမှာ /ဝ့ါက်/ လို့ အသံထွက်တယ်။ အင်္ဂလိပ်စကားလုံး 'work' နဲ့ နီးစပ်တယ်။ အဆုံးမှာလည်း 'က်' သံထွက်တယ်။ နှစ်ပေါင်းများစွာကြာတော့ အဲဒီ /ဝ့ါက်/ မှာပါတဲ့ /ဝ့ါ/ က/ဝဲ့/နဲ့ နီးစပ်တဲ့ အသံမျိုးပြောင်းပြီး နောက်က 'က' ဗျည်းသံက ပျောက်သွားပြီးတော့ ဗျည်းအကြောင်းမှာတုန်းက ပြောတဲ့ 'ရပ်သံ' ဖြစ်သွားတော့ /ဝက်/လို့ အသံထွက်တာပေါ့။ ဒါက သိလွယ်အောင် ပြောတာပါ"

"ဟုတ်ကဲ့။ မှတ်ထားပါ့မယ်"

" အဲဒီလိုပဲ ဝသတ်၊ တသတ် ၊ပသတ် ဆိုတဲ့ အသတ်သံတွေ၊ နသတ်၊ မသတ်ဆိုတဲ့ အသတ်သံတွေလည်း တဖြည်းဖြည်း ပျောက်သွားပြီး အခုတို့အသံထွက်သလို ပါးစပ်ဖွင့်ပြီး အသံထွက်ရတဲ့ သရသံတွေဖြစ်လာတယ် လို့ ဆိုရမှာပေါ့"

"ဟုတ်ကဲ့ ၊ အဲဒီ ဒေသိယစကားတွေကို ကျွန်တော်တို့ လေ့လာချင်ပါတယ်ဆရာ။ ဆက်ပြီးလေ့လာပါ့မယ်"

" ဟုတ်ပါပြီ။ သြော်... မြန်မာစကားမှာ တစ်ချိန်က အဆုံးဗျည်းသံရှိခဲ့မယ်လို့ ယူဆနိုင်တဲ့ သာဓကအဖြစ် မြန်မာပညာရှင်တွေ ထောက်ပြတဲ့ စကားလုံးနှစ်လုံးအကြောင်း ပြောရဦးမယ်"

"ပြောပြပါဆရာ"

"တစ်လုံးက 'လတ္တံ့' ဆိုတဲ့ စကားလုံးပဲ ။ ဘယ်နေရာမျိုးမှာ သုံးတယ်ဆိုတာ သိတယ်မဟုတ်လား "

" သိပါတယ်ဆရာ။ 'ဖြစ်လတ္တံ့' ဘုရားပွင့်တော်မူလတ္တံ့၊ ဆိုတာမျိုး နောင်ဖြစ်မယ့် အနာဂတ်ကာလကိုပြတဲ့ နောက်ဆက်ပစ္စည်းပါ"

"ဟုတ်ပါတယ်။ အသံထွက်တော့ /လတန့်/ လို့ထွက်တာပေါ့။ အဲဒီ 'လတ္တံ့ 'ဟာ 'လတ်အံ့'ဆိုတဲ့ စကားလုံးကနေပြီး ပြောင်းလာတာလို့ ပညာရှင်တွေယူဆကြတယ်။ 'ဖြစ်လတ်အံ့ ၊ ဘုရားပွင့်တော်မူ လတ်အံ့ 'လို့ဆိုလိုတာပေါ့။ 'လတ်' ဆိုတာကတော့ ရှေးစာပေတွေမှာသုံးတဲ့ ၊စကားပြေပြစ်အောင် ဖြည့်တဲ့ စကားလုံးပါပဲ။ လေးနက်အောင် သုံးတာပေါ့။ 'အံ့' အသုံးတော့ သိတယ်မဟုတ်လား "

"သိပါတယ်ဆရာ။ 'ထိုစကားကို ပြောအံ့ 'ဆိုတာမျိုး သုံးတာပါ။ ပြောမယ်လို့ ဆိုလိုတာပါ။ 'မကြာမီ မိုးရွာအံ့' ဆိုတာမျိုး နောင်ဖြစ်လာမယ့်အခြေအနေကို ဖော်ပြရာမှာလည်း သုံးပါ တယ်"

"ဟုတ်တယ်။ အဲဒီ 'လတ်အံ့' မှာ 'လတ် 'ရဲ့ အဆုံးဗျည်းသံ 'တ်' က နောက်က 'အံ့ 'နဲ့ အသံချင်း ပေါင်းစပ်သွားပြီး လတ်+အံ့= လတ်တံ့ =လတ္တံ့လို့ဖြစ်လာတယ်လို့ ဆိုနိုင်တာပေါ့"

"သြော်... ဟုတ်ကဲ့ပါဆရာ"

"နောက်တစ်လုံးက 'အိမ်ဦးခန်း 'ကို 'အိမ်မျူးခန်း' လို့ ခေါ်တာကို သာဓက ဆောင်တယ်။ ဒါလည်း အဲဒီလိုပဲ 'အိမ်'မှာ ပါတဲ့ အဆုံးဗျည်းသံ /မ်/ ဟာ နောက်က 'ဦး'နဲ့ အသံချင်း ပေါင်းစပ်သွားပြီး အိမ် + ဦး= အိမ်မျူးလို့ ဖြစ်လာတယ်လို့ ယူဆကြတယ်"

"မှတ်သားထားပါ့မယ် ဆရာ"

"ဒါတွေကတော့ မြန်မာစကားမှာ အဆုံးဗျည်းသံရှိခဲ့ဖူးတယ်ဆိုတဲ့ အယူအဆပါပဲ။ အထင်ရှားဆုံးကတော့ ဗျည်းသံပဲကျန်တဲ့ အသတ်စာလုံးတွေ မြန်မာစာအရေးအသား စနစ်ထဲမှာ ရှိနေတာဟာ အဲဒီ အသတ်သံတွေ အသံထွက်လို့ ရှိနေတာပဲလို့ ကောက်ချက်ချနိုင်တဲ့ အချက်ပါပဲကွယ်"

"နားလည်ပါပြီဆရာ"

"နောက်တစ်ခုက မူလသတ်ဆစ်ဆယ်ပါးမှာ 'ဝသတ်' ရှိနေတာဟာ တစ်ချိန်တုန်းက ဝသတ် သံထွက်လို့ပဲဆိုတဲ့ အယူအဆပါပဲ။ 'နတ်လူသာခု ခေါ်စေသောဝ်' ဆိုတဲ့ အရေးအသားမျိုးမှာ တွေ့နိုင်တယ်။ 'သောဝ်' လို့ ရေးတာဟာ 'သော' နောက်က 'ဝ်' သံကို ပြည့်ပြည့်ဝဝထွက်လို့ ဖြစ်ပုံရတယ်။ အခုခေတ်မှာတော့ အဲဒီ ဝသတ်သံမထွက်ကြတော့လို့ 'ဝ်' အရေးအသားလည်း မသုံးတော့တာလို့ ယူဆရတာပေါ့ကွယ်"

"ဆရာ၊ အရင်က အသတ်ဆယ်ပါးထဲမှာ ဉ်(ဉကလေးသတ်) မပါဘူး။ နောက်မှထည့်တာလို့ ဆရာပြောတာ မှတ်ထားပါတယ်။ အရင်က ဘာဖြစ်လို့မပါတာလဲ ဆရာ"

"ည(ညကြီး) နဲ့ ဉ(ဉကလေး)အကြောင်း အရင်တစ်ခါ ပြောပြီးပါပြီ ခုပြောနေတာတွေနဲ့တော့ တိုက်ရိုက်မဆိုင်ဘူးပေါ့။ ရှေးက ဉ ကို 'ည တစ်ခြမ်းပဲ' လို့ ယူဆတယ်။ 'ည' ကို အပြည့်အစုံမဟုတ်ပဲ တစ်ခြမ်းပဲ့နေလို့ မင်္ဂလာမရှိဘူးဆိုပြီး မသုံးကြဘူး။ ဉ နေရာမှာ ည ကိုပဲသုံးတယ်။ 'သားစဉ်မြေးဆက်' ဆိုရင်၊ 'သားစည် မြေးဆက်'လို့ ရေးတယ်။ 'အစဉ်' ဆိုရင် 'အစည်' လို့ ရေးတယ်။ အခုတော့ အဲဒီအစွဲအလမ်းတွေ မရှိတော့ပါဘူး။ 'ဉ် 'ဟာ 'င်' နဲ့ အသံတူတဲ့အတွက် တသတ်အက္ခရာတစ်လုံးအနေနဲ့ထည့်သုံးတာပါပဲ ။ ကဲ... ရှေးမြန်မာစာပေကျမ်းတွေ ဘာသာစကားကျမ်းတွေမှာပါတဲ့ မြန်မာသရအကြောင်းကို ဒီလောက်နဲ့ပဲရပ်ပြီး ဘာသာဗေဒပညာရှင်တွေ ပြောတဲ့ မြန်မာသရအကြောင်း ဆက်ကြရအောင်"

---

## အီဘိုလာဗိုင်းရပ်စ်ကာကွယ်ဆေး ရာနှုန်းပြည့်ထိရောက်မှုရှိ

**ကလျာမိုးမြင့်**

အီဘိုလာဗိုင်းရပ်စ်ကို ကာကွယ်ဖို့အတွက် စမ်းသပ်ထုတ်ဖော်လိုက်တဲ့ဆေးဟာ ရာနှုန်းပြည့်ထိရောက်မှုရှိတယ်လို့ လန်ဆက်မှာ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ လေ့လာမှုတစ်ရပ်က ဖော်ပြထားပါတယ်။ စမ်းသပ်မှုကနေ ထွက်ပေါ်လာတဲ့ရလဒ်ဟာ ၂၀၁၄ ခုနှစ်က အီဘိုလာဗိုင်းရပ်စ် မွှေနှောက်မှုကြောင့် လူ ၁၁၀၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့တဲ့ အနောက်အာဖရိကဒေသကို ပိုမိုထိရောက်တဲ့ ကာကွယ်မှုတွေ လုပ်ဆောင်နိုင်မယ့် မျှော်လင့်ချက်တွေ ပေါ်ပေါက်လာစေခဲ့ပါတယ်။

ကျွန်တော်တို့ နိုင်ငံအတွင်းမှာ တွေ့ကြုံခံစားခဲ့ရသလိုမျိုး တခြားနိုင်ငံတွေမှာ မဖြစ်အောင် ကာကွယ်ပေးနိုင်မယ့် ကာကွယ်ဆေးတစ်ခုကို ဖော်စပ်ထုတ်လုပ်နိုင်ခဲ့လို့ အလွန်ပီတိဖြစ်ရကြောင်း ဂီနီယာမှာရှိတဲ့ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ဒါရိုက်တာဒေါက်တာ ကယ်လ်တာဆာကိုဘာက ပြောကြားခဲ့ပါတယ်။

စမ်းသပ်ထုတ်ဖော်ထားတဲ့ ကာကွယ်ဆေးကို ၂၀၁၅ ခုနှစ်မှာ အီဘိုလာကူးစက်ဖြစ်ပွားတဲ့ ဝေဒနာရှင်တွေနဲ့ ထိတွေ့နေရတဲ့ ဂီနီယာပြည်သူတွေကို ပေးခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့ပြီး လအနည်းငယ်အကြာမှာ ကနဦးပေါ်ထွက်လာတဲ့ ရလဒ်ဟာ အံ့မခန်းထိရောက်မှုရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့ပါတယ်။ အစပိုင်းမှာ အသက်၁၈နှစ်ပြည့်ပြီး သူတွေကိုသာ ကာကွယ်ဆေးပေးအပ်ခဲ့ပါတယ်။ ကနဦးရလဒ်တွေ ထွက်ပေါ်လာပြီးနောက်မှာ အသက်၁၈နှစ်ပြည့်ပြီးသူတွေ သာမကဘဲ ကာကွယ်ဆေးလိုအပ်တဲ့ သူတိုင်းကို ပေးဖို့ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဂီနီယာကျန်းမာရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့တာပါ။

ရလဒ်တွေကို ခွဲခြမ်းစိစစ်လိုက်တဲ့အခါမှာ အဖွဲ့ဟာ ကာကွယ်ဆေးမရရှိသေးမီ ရောဂါကူးစက်ခံထားရပြီး ဖျားနာနေတဲ့ လူနာတွေကို ကာကွယ်ဆေးပေးပြီး ၁၀ ရက်အတွင်း စောင့်ကြည့်ခြင်း မရှိပါဘူး။ ကာကွယ်ဆေးလက်ခံပြီးတဲ့နောက်မှာ ၁၀ ရက်လောက် စောင့်ဆိုင်းခြင်းက လူနာတွေကို ကိုယ်ခံအားပြန်လည်တည်ဆောက်ဖို့ အချိန်ပေးတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ မာရေးပေါ်လီကင်နီက ပြောကြားခဲ့ပါတယ်။

အီဘိုလာဖြစ်ပွားတဲ့ ဝေဒနာရှင်တွေကို ရောဂါဖြစ်ဖြစ်ချင်း သို့မဟုတ် ရောဂါဖြစ်ပွားပြီး သုံးပတ်အကြာမှာ ကာကွယ်ဆေးပေးခဲ့တာ ဖြစ်ပါတယ်။ လူတိုင်းကလည်း ကာကွယ်ဆေးကို လိုလိုလားလား ရှိခဲ့ကြပါတယ်။ သုံးပတ်အကြာမှာ ကာကွယ်ဆေးအသုံးပြုတဲ့သူတွေဟာ ၎င်းတို့မှာ အီဘိုလာကူးစက်ခံရမှု မရှိဘူးဆိုတာ သေချာတဲ့အချိန်အထိ ကာကွယ်ဆေးကို လက်ခံခြင်း မရှိခဲ့ပါဘူး။ အီဘိုလာဖြစ်ပွားဖို့ ရောဂါပျိုးချိန်ဟာ နှစ်ရက်ကနေ ၂၁ ရက်အထိ ကြာမြင့်တတ်ပါတယ်။ သုတေသနပညာရှင်တွေဟာ ကာကွယ်ဆေးထိုးထားတဲ့ အဖွဲ့ဝင်တွေကို ၎င်းတို့ ရဲ့နေအိမ်မှာပဲ နှစ်ရက်ကနေ ၁၄ ရက်၊ ၁၄ ရက်ကနေ ၂၁ ရက်၊၂၁ ရက် ကနေ ၄၂ ရက်၊ ၆၃ ရက်၊ ၈၄ရက်စသဖြင့် အချိန်တိုးပြီး ဆက်လက်စောင့်ကြည့်ခဲ့ကြပါတယ်။



နောက်ဆုံးမှာတော့ ကာကွယ်ဆေးပေးခြင်းခံရသူဟာ ၅၈၃၇ ဦးအထိ ရှိလာခဲ့ပြီး ကာကွယ်ဆေးပေးပြီး ၁၀ ရက်နဲ့ ၁၀ ရက်ကျော်အကြာမှာ အီဘိုလာကူးစက်ဖြစ်ပွားသူ မရှိဘူးဆိုတဲ့ ရလဒ်တစ်ခုကို မှတ်တမ်းတင်နိုင်ခဲ့တယ်လို့ လေ့လာမှုမှာ ဖော်ပြထားပါတယ်။ ကာကွယ်ဆေးချက်ချင်း မရရှိခဲ့တဲ့ သူတွေထဲမှာတော့ ရောဂါဖြစ်ပွားသူ ၂၃ ဦးရှိခဲ့ပြီး ကာကွယ်ဆေးသုံးစွဲသူ အချို့ဟာ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းနဲ့ ကြွက်သားများ နာကျင်ခြင်းကို ခံစားရတယ်လို့ ဆိုပါတယ်။ နှစ်ဦးဟာဆိုရင် ကာကွယ်ဆေးနဲ့ ဓာတ်မတည့်တဲ့ တုံ့ပြန်မှု ပြင်းပြင်းထန်ထန် ခံစားခဲ့ရပါတယ်။ အီဘိုလာဗိုင်းရပ်စ်ဟာ မျိုးကွဲပေါင်းများစွာရှိပြီး ဒီကာကွယ်ဆေးဟာ ဇိုင်ရီ (Zaire) အုပ်စု အီဘိုလာဗိုင်းရပ်စ်ကို အဓိက ကာကွယ်ပေးနိုင်မှာဖြစ်သလို ဒီအုပ်စုထဲမှာရှိတဲ့ အမျိုးအစားတူ ဗိုင်းရပ်စ်တွေကိုပါ ကာကွယ်မှုလုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

အီဘိုလာဗိုင်းရပ်စ်ကို ၂၀၁၄ခုနှစ်မှာ ကူးစက်ပြန့်ပွားမှု စတင်မဖြစ်ပွားမီ ၁၉၇၆ ခုနှစ်ကတည်းက ရှာဖွေတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ အာဖရိကလူမှုအဖွဲ့အစည်းတွေကို ဦးစွာထိခိုက်စေခဲ့ပြီး ၂၀၁၄ ခုနှစ်အရောက်မှာတော့ တောမီးသဖွယ် လျင်မြန်စွာပျံ့နှံ့လာခဲ့ကာ မြို့ကြီးတွေအထိ ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ **(စီအင်န်အင်န်)**

# နှစ်သစ်မင်္ဂလာဆုတောင်း

၂၀၁၇ ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယတွင်
မြန်မာပြည်သူ ပြည်သားအပေါင်း
စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး
လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း
ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

KBZ BANK

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာ အဖွဲ့
ကမ္ဘောဇဘဏ်လီမိတက်




၂၀၁၇

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

မင်္ဂလာအပေါင်း ခညောင်း၍
ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ဖြစ်ပါစေကြောင်း
MPT မှ ဆုတောင်းမေတ္တာ ပို့သရင်း
မြန်မာပြည်သူပြည်သားများ နှင့်အတူ
နှစ်သစ်ကိုကြိုဆိုလိုက်ပါသည်။

# နှစ်သစ်ကူးအထူးဆုတောင်းမင်္ဂလာ

ချစ်ခင်လေးစားအပ်ပါသော လူကြီးမင်းတို့သည် ပျော်ရွှင်စရာနှစ်သစ်ကို စောင့်မျှော်နေကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ကျွန်ုပ်လေးစားတန်ဖိုးထားအပ်သော လူကြီးမင်းတို့သည် နှစ်သစ်မှာဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း၍ အခက်အခဲများအားလုံးကျော်လွှားနိုင်ပြီး လုပ်ငန်းများလည်း တိုးတက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လူကြီးမင်းတို့ပျော်ရွှင်မှုဟာ ကျွန်ုပ်၏ပျော်ရွှင်မှုနှင့်ထပ်တူညီလုပါသည်။ လူကြီးမင်းတို့သည် ရွှေမန္တလေး အိမ်၊ ခြံ၊မြေအကျိုးဆောင်ကုမ္ပဏီအပေါ် ယုံကြည်စွာ လက်ခံပေးမှုအတွက်လည်း ကျေးဇူးဥပကာရအထူးပင်တင်ရှိပါသည်။ စိတ်လှုပ်ရှားပျော်ရွှင်စရာကောင်းသော ၂၀၁၇ ခုနှစ် နှစ်သစ်ကို လူကြီးမင်းတို့၏ မိသားစုနှင့်အတူ ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြပါစေ။

လူကြီးမင်းတို့ ရင်းနှီးမြှုပ်နှံမှု မမှားဖို့၊ မှန်ကန်ဖို့၊ အမြတ်အစွန်းရရှိဖို့ ကျွန်ုပ်တို့ကုမ္ပဏီမှ တာဝန်ယူပါသည်။

**ဦးနေလင်းအောင်(LL.B)**
**Managing Director**
**မြန်မာ ရွှေမန္တလေး အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၂-၆၈၉၃၈၊ ၀၂-၂၈၄၄၇၇၂၊ ၀၉-၂၀၁၆၃၁၆၊ ၀၉-၂၀၁၃၉၁၉**








# သမ္မတ နိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်မှ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ



နှစ်စဉ် သမ္မတ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာ များကို ဝယ်ယူအားပေးလျှုဒါန်းကြ ပါကုန်သော ရဟန်း၊ ရှင်၊ လူ၊ မြန်မာပြည်သူပြည်သားများအားလုံး နှစ်သစ်အခါသမယတွင် စီးပွားဥစ္စာ ရတနာများ ဖွံ့ဖြိုးတိုးတက်ပြီး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်
အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ



# HAPPY NEW YEAR 2017

ရွှေရည်ပြည့်မှန် ... အာမခံသည့် .....

# အောင်သမာဓိ

စိန်ရွှေရတနာဆိုင် နှင့် ရွှေသန့်စင်လုပ်ငန်း

Reg : 219/06

၂၀၁၇ခု နှစ်သစ်မင်္ဂလာတွင် လူကြီးမင်း၏ ဂုဏ်သိက္ခာမြင့်မားမှုကို ဖော်ဆောင်ပေးရန် အောင်သမာဓိက ဆက်လက်တာဝန်ယူထားပါသည်။
ကြီးပွားကျန်းမာစိတ်ချမ်းသာပြီး ဂုဏ်သိက္ခာ ပိုမိုတိုးတက်အောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အောင်သမာဓိ စိန်ရွှေရတနာဆိုင် နှင့် ရွှေသန့်စင်လုပ်ငန်း မိသားစု

SHOP (1) : 89th st, Between 21st & 22nd st, Mandalay. Ph : 02-39730, 02-71744. SHOP (2) : No.115, 84th st, Between 29th & 30th st, Mandalay. Ph : 02-66785.
SHOP (3) : No.55, 29th st (Lower block), Yangon. Ph : 01-389922, 01-374488. SHOP (4) : No.177, 84th st, Between 31st & 32nd st, Mandalay. Ph : 02-30342, 02-30784.
SHOP (5) : No.80, Shwe Bone Thar St (Lower Block), Panpedan Tsp, Yangon. SHOP (6) : 22TH ST, BETWEEN 88TH & 89TH ST, DIAMOND & WHITE GOLD SHOWROOM 09-258907129.
WORKSHOP : 14th St, Between 87th & 88th St, Mandalay. Ph : 02-73108.
LACE & SILK SHOP : 89th st, Between 21st & 22nd st, Infront of Aung Tha Mar Di Gold & Jewellery ShopMandalay. Ph : 09 47140908, 09 402694647.



မြန်မာလူငယ်များအတွက် စီးပွားရေးဘာသာရပ်များအပါအဝင် " MBA အကြောင်းဆွေးနွေးပွဲ "

- MBA ကို ဘယ်လိုလူမျိုးတွေ၊ ဘယ်လိုအသက်အရွယ်မှာ သင်ယူသင့်သလဲ / ဘယ်လိုအသုံးချမလဲ
- MBA ကို အင်ဂျင်နီယာ၊ အိုင်တီ၊ ဆရာဝန်တွေအတွက် သင်ယူရင် ဘယ်လို အကျိုးရှိနိုင်မလဲ
- ဩစတြေးလျ MBA / အင်္ဂလန် MBA နဲ့ အမေရိကန် MBA တွေ ဘာတွေကွာခြားပါသလဲ၊ ဘယ်ဟာအကောင်းဆုံးလဲ
- MBA တက်ဖို့ GMAT တွေ GRE တွေ ပြင်ဆင်ထားဖို့ လိုပါသလား
- MBA ကို ပြည်တွင်းမှာ တက်တာနဲ့ ပြည်ပမှာ တက်တာ ဘယ်ဟာပိုအကျိုးရှိပါသလဲ

psb Academy
edutrust SINGAPORE

Speaker : DR HUONG HA
Monash University, Australia / LKY School of Public Policy, National University of Singapore

CROWN EDUCATION
Award Winning Company

Jan 7th (Sat)
2:00 PM - 4:00 PM
NOVOTEL HOTEL,
(Eureka Room)



Register Now : 01 527 838 - 09 450 200 040 - 09 732 732 77


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၂၂၂၊ ဧရိယာ ၀ ဒသမ ၄၄၇ ဧကရှိ ဦးကျော်ဝေ(ခ)စန်းဝေဟွာ အမည်ပေါက် မြေငှားဂရန်မြေကွက်အား ဦးကျော်ထွန်း (ဦးကိုကိုလတ်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၁၂/၂၀၁၆ ရရှိသူ) ၁၃/တကန(နိုင်)၀၀၂၀၁၂ (ဘ)ဦးအိုက်လူမှ မြေငှား ဂရန်စာချုပ်မူရင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၂၀၄/၂၀၁၆ မူရင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားများတင်ပြ၍ မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**


# အိမ်ရောင်းမည်

(မရမ်းကုန်းမြို့နယ်/ဆီပ်ငြိမ်ရပ်ကွက်/သင့်လျော်သောနှုန်း)
ပါရမီရိပ်သာ၊ မြစပ္ပါယ်လမ်းသွယ်၊ စည်ပင်သာယာလမ်း
(၂) ထပ်တိုက်၊ (50' × 50') ဘိုးဘွားပိုင်/ပိုင်ရှင်ကိုယ်တိုင်
09 - 5010202, 09 - 421150846


## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/9668 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7882 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာခြင်း

ဦးနိုင်လင်းစိုး ၈/မကန(နိုင်)၁၅၃၂၃၆ နှင့် ကျွန်မ ဒေါ်အိဖြူဇင် ၈/မကန(နိုင်)၁၇၃၁၃၂တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား လုံးဝတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း ကတိစာချုပ်ကို ၂၆-၁၂-၂၀၁၆ ရက်တွင် ချုပ်ဆိုပြီးဖြစ်ပါသည်။ ထိုသို့ချုပ်ဆိုပြီးဖြစ်ပါ၍ ဦးနိုင်လင်းစိုးနှင့် ပတ်သက်သည့်ကိစ္စအဝဝသည် ဒေါ်အိဖြူဇင်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိဖြူဇင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၃၈၄)၊ ဧရိယာ ဝဒသမ၁၄၆ဧကရှိ ဦးမြင့်စိုး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၆/၂၇-၄-၂၀၁၅ ဖြင့် မြေကွက်အမည်ပေါက် ဦးမြင့်စိုးမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးသီဟ ၁၀/ပမန(နိုင်)၀၈၁၀၆၇ (ဘ)ဦးဘကြည်မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ် ၁၈၊ ဆိုင်ခန်းအမှတ် ၂၀၅၊ ၂၀၆အား နေပြည်တော်၊ ပျဉ်းမနားမြို့၊ အမှတ် ၁၃၊ ပိတောက်ဦးလမ်းနေ ဒေါ်ဝါဝါလွင် ၉/ပမန(နိုင်)၁၄၈၉၆၄ အမည်ပေါက်ပိုင်ဆိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ အမှတ် (၁) မြို့မရပ်၊ သဲတောဝမ်းတွင်းမြို့နယ်နေ ဒေါ်တင်တင်ယု ၉/ဝတန(နိုင်)၀၀၂၁၀၄သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

သေမှာ သတိရလေ၊ ကိုယ်အဓိကထားတဲ့ အလုပ်ကောင်းတွေကို
အရှိန်အဟုန်နဲ့ ပိုလုပ်ဖြစ်လေပါပဲ။

ရွှေပါရမီ
စာစဉ်(၄၇)

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

သေ ခြင်း တ ရား သည်
သူတော်ကောင်းတို့၏မိတ်ဆွေ

ထွက်ပြီ

☎ ၀၉ ၄၂၀ ၃၂၀ ၅၀၀၊ ၀၉ ၅၁၉ ၇၆၅၉



Wishing our community of friends, families, students and colleagues a truly joyous holiday season filled with peace, love, health and prosperity!

HAppy New Year 2017

"Fit Brains Gain More"
BRAINWORKS
K-12 INTEGRATED SCHOOL
•Pre-School •Primary •Weekend English

TOTAL LEARNING ACADEMY

| Tamwe | 41st Street | Kyi Myin Daing | Sanchaung | Aung Zeya | Thingangyun | Taunggyi | Kamayut | North Dagon |
|---|---|---|---|---|---|---|---|---|
| 24/26 South Race Course St. | 107-115 41st Street | 17 U Lu Ni Street | 336 Pyay Road | 34 Aung Zeya St. | 1 Thumingalar Street | 24/12 Kanbawza St. | 60(A) Chindwin Rd. | 318 U Aw St. 48 Qtr |
| 01 401592 - 4 | 01 376010, 376022 | 01 2300 715 - 6 | 01 526456 | 09 262934441-2 | 01 8551360 - 3 | 081 206841-4 | 09 31714586 | 09796206884 |

www.brainworks-total.com



နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကို
အောက်ပါဈေးနှုန်းအတိုင်းပို့ဆောင်ပေးပါမည်။ ခရီးစဉ်အားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။
၈ ရက်ခရီး -ဟိုတယ်(၂)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း+ဒေါ်လာ ၆၀၀)
၁၂ ရက်ခရီး-ဟိုတယ်(၃)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း+ ဒေါ်လာ ၇၀၀)
၁၅ ရက်ခရီး-ဟိုတယ်(၅)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း+ဒေါ်လာ ၇၅၀)

၁၅ ရက်ခရီး-ကိုလ်းကတ္တားပါဟိုတယ်(၄)ည →(စရံငွေ ၂ သိန်း+ ဒေါ်လာ ၈၀၀)
နယူးဒေလီ၊တဝ်ချ်မဟာ၊ကိုလ်းကတ္တား၊သိပ္ပံကမ္ဘာ၊ဝိတိုရိယဘုရင်မပြတိုက်၊ Shopping

(၁၆)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါသည်။ Hot Line 095120529
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄။
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို ...

ချောင်းသာယာ အပျော်စီးသင်္ဘော

အထူးအစီအစဉ် — (ကြို/ပို့) ပါပြီး၊ တစ်ဦးလျှင် (5,000) ကျပ်

ညနေ (2:00)နာရီကြို၊(3:30)နာရီကမ်းခြေပြန်ရောက်/တနင်္ဂနွေ(9:30)နာရီကြို(11:00)နာရီကမ်းခြေပြန်ရောက်

လက်မှတ်များကို ဥတိုတံတား (ရုံး) နှင့် ချောင်းသာလမ်းမတစ်လျှောက်ရှိ အရောင်းဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
စုံတွဲများ၊ မိသားစုများနှင့် Group များအတွက် "Promotion Rate" ဖြင့် "မော်တော်အငှယ်စားစီ" ငှားရမ်းနိုင်ပါသည်။
Tours Company များလည်းဆက်သွယ်နိုင်ပါသည်။ ရန်ကုန်ဖုန်း - 09 49709415

ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်) ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန် - 09 452 955 661 မှ (5) အထိ။



**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ရွှေဘိုမြို့၊ အမက(ပေါက်တုံ)မှ ဆရာမဒေါ်မြင့်မြင့်သန်း၏အမည်မှန်မှာ ဒေါ်ခင်မြင့်အေး ၅/ရဘန(နိုင်)၀၁၆၃၃၉ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၆-၉-၁၉၆၀ဖြစ်ပါကြောင်း။
ဒေါ်ခင်မြင့်အေး





Merry Christmas &
Happy New Year 2017

Oramin-G
အဆင့်မြင့်ဂျင်ဆင်းအားဆေး

ခန္ဓာသန်စွမ်းစိတ်ရွှင်လန်းဖို့
'အော်ရာမင်-ဂျီ' ကိုသောက်ကြပါစို့ ...

MARKETED BY:
AA MEDICAL PRODUCTS LTD.
TEL : (01) 249590~93, 391644~50
MEDICAL



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၉၃၄၂ Honda Dream 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဘိုဘို မင်း ၅/ရဘန(နိုင်)၁၃၆၃၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/2257 SANGDA TRUCK P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြရီ ၉/မနတ(နိုင်)၀၇၂၅၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့

# M.K.T Construction Co.,Ltd

Y.C.D.C-LC 270 | Y.C.D.C-LC 531 | Y.C.D.C-LC 1224 |
M.C.D.C-LC 085

HAPPY New Year

နှစ်သစ်ကူး အခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံး
ကျန်းမာချမ်းသာပျော်ရွှင်ပြီး ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရုံးချုပ် - အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၃၈၂၄၂၃၊ ၀၁-၃၉၈၁၉၃၊ ၀၁-၂၄၅၇၈၆
၀၉-၇၃၀၇၂၂၅၀၊ ၀၉-၈၆၃၁၀၅၇၊ ၀၉-၅၁၇၈၄၇၈။ Email: marketing@mktconstruction.com. Website: www.mktconstruction.com
Facebook: www.facebook.com/mktconstruction.mm



Since 1996

ပုလဲ (သူငယ်တန်းမှ ၁၀ တန်း)

တက္ကသိုလ်ဝင်အောင်ချက် ပုဂ္ဂလိကကျောင်းအားလုံးတွင်
၂၀၁၅ ရန်ကုန်မြောက်ပိုင်းခရိုင်လုံး ဒုတိယ
၂၀၁၅/၂၀၁၆ ရန်ကုန်၊ မင်္ဂလာဒုံ ပထမ

ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း

မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ်
အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးများ။

(၈)တန်းအစိုးရစစ် အထူးလေ့ကျင့်ပေးသည်။ (၉)တန်းအထူး - သင်ရိုးကုန်သင်ပေး၍နှစ်ဝက်မှစ၍ (၁၀)တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင်း ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။
အမှတ် (၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၈၈၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂





## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၁၅၅ Hino KT Truck(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၅/မရန(နိုင်)၀၃၁၁၁၂ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/4314 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(မုံရွာ)


ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

# ပင်လုံနှင်းဆီ

ကက-၁၃/၁၁/၂၂၅
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ
မူလတန်း၊အလယ်တန်း၊အထက်တန်း

စည်းကမ်းကောင်းသောကျောင်း
သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်။

-ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရင့်(Ph.D, B.Ed, M.Sc, M.A)ဆရာဆရာမများမှစာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင်သင်ကြားပေးပါသည်။Study-Guideများနှင့်တစ်နေ့စာတစ်နေ့အပြီးကျက်မှတ်ပေးပါသည်။
-ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)နှင့် ပါမောက္ခ၊တွဲဖက်ပါမောက္ခ၊ ကထိကများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်းထပ်ဆောင်းသင်ကြားပေးပါသည်။
-တိုင်းနှင့်ပြည်နယ် စာမေးပွဲမေးခွန်းဟောင်းများကို နေ့စဉ်၊အပတ်စဉ်၊ လစဉ်လေ့ကျင့်ဖြေဆိုစေပါသည်။တက္ကသိုလ်ဝင်တန်းအတွက်စာမေးပွဲကြီးမေးခွန်းပုံစံ (၅) ကြိမ်လေ့ကျင့်ဖြေဆိုစေပါသည်။
-၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင်၆ဘာသာဂုဏ်ထူးရှင်(၂)ဦးနှင့်ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့ပါသည်။သိပ္ပံတွဲအောင်ချက်ရာခိုင်နှုန်း (၈၁. ၁၈)ဖြင့်အောင်မြင်ခဲ့ပါသည်။
-အဆင့်မြင့်ဆိတ်ငြိမ် လုံးချင်းအိမ်ရာတွင် ကျောင်းသား/ကျောင်းသူသီးသန့်စီလုံးချင်းနှစ်ထပ်တိုက်များဖြင့် အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
-ကျန်းမာရေးအတွက် အဆောင်တွင် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။

၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

အမှတ်(၆၄/၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ပင်လုံဥယျာဉ်အိမ်ရာ။အမှတ်(၆၆-ခ)၊ နှင်းဆီလမ်း၊ ပင်လုံဥယျာဉ်အိမ်ရာ၊ (Rose Park II)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
Ph: 09-2400261, 09448541535, 09-8792106, 09250666874


## တစ်ဦးတည်းဖြစ်ကြောင်း

ယင်းမာပင်မြို့နယ်၊ စုန်းချောင်းအထက၊ အဋ္ဌမတန်း(A)မှ မောင်သီဟဇော်၏ မိခင် ဒေါ်ရွှေမာနှင့် ဒေါ်ရွှေ ၅/ယမပ (နိုင်) ၀၁၄၄၁၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ယင်းမာပင်မြို့နယ်၊ စုန်းချောင်းအထက၊ အဋ္ဌမတန်း(A)မှ မောင်လွင်ဖြိုးကျော်၏ မိခင် ဒေါ်မြင့်မြင့်ရီနှင့် ဒေါ်ကြွက် ၅/ယမပ(နိုင်)၀၁၄၂၈၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၅)ရပ်ကွက်၊ ခေတ္တာလမ်းဟုခေါ်တွင်သော နှစ် (၆၀)ဂရန်မြေကွက်ပေါ်တွင်ရှိသော အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးထွဏ်းအောင် ၁၂/ရကန(နိုင်)၀၁၆၇၀၇မှ လက်ဝယ်ပိုင်ဆိုင်နေထိုင် အကျိုးခံစားခွင့်ရလျက်ရှိကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုလျက် ယခုအခါ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှထွန်းရွှေ (LL.B)
(WIPO) Switzerland
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၈၀၆/၈၉)
ဖုန်း-၀၉-၄၅၅၈၂၀၅၂၇

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၂၆၆၈၆ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းရီ ၇/မလန(နိုင်)၀၆၄၃၁၇ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး(မကွေး)

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်း အထက၊ တက္ကသိုလ်ဝင်တန်းမှ မသီရိဆွေ၏ ဖခင်အမည်မှန်မှာ ဦးညွန့်ရွှေ ၈/ပဖန(နိုင်)၀၈၅၄၀၀ ဖြစ်ပါကြောင်း။

ဦးညွန့်ရွှေ

## ဒေါ်အုန်းမြင့်(ခ)ဖြူဖြူ အသက်(၇၂)နှစ်

**စား/ဖျော်ရုံးချုပ်(ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ခတ္တီယနေ (ဦးဘညွန့်-ဒေါ်မြစောသင်)တို့၏သမီး၊ ဦးအုန်းမောင်-(ဒေါ်စန်းမြင့်)၊ ဦးစိုးသိန်း-ဒေါ်အေးခင်တို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ ရတနာသိခ်လမ်း၊တိုက် ၁၂၊ အခန်း ၃၀၃နေ(ဗိုလ်ကြီးစိုးတင်)၏ဇနီး၊ ဒေါက်တာတင်မောင်သန်း-ဒေါ်နီလာစိုး၊ ဗိုလ်မှူးရဲဖုန်းစိုး(ငြိမ်း)-ဒေါ်ဆွေဆွေဝင်းတို့၏မိခင်၊ မဖြူနှင်းသန့်၊ မောင်ဘုန်းဟိန်းကျော်၊ မောင်ကောင်းဆက်ဟိန်း၊ မောင်အောင်ခန့်ဘုန်းမြတ်တို့၏အဘွားသည် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၇ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အုန်းမြင့်(ခ)ဖြူဖြူ

**စား/ဖျော်ရုံးချုပ်(ငြိမ်း)**

**အသက်(၇၂)နှစ်**

သူငယ်ချင်း ဗိုလ်မှူးရဲဖုန်းစိုး(ငြိမ်း)-ဒေါ်ဆွေဆွေဝင်းတို့၏ မိခင်ဖြစ်သူ ဒေါ်အုန်းမြင့်သည် ၃၁-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၂)မှ သူငယ်ချင်းမိသားစုများ**

---

## ဦးမောင်အေးသာ (စစ်တွေ)

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ ၅လမ်း၊ အမှတ် ၂၂၅နေ (ဦးလှဘော်ဖဲ-ဒေါ်အောင်ကြွဖြူ)တို့၏သား၊ ဒေါ်လှအေးသိန်း၏ခင်ပွန်း၊ ဦးကျော်ဇော်အေး-ဒေါ်စောယဉ်နု၊ ဦးညီညီအေး-ဒေါ်ထားထားဦး၊ ဦးမောင်မောင်အေး-ဒေါ်ဇာခြည်မင်း၊ ဦးကိုကိုအေး-ဒေါ်စုထက်ထက်လှိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၈း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

## ဒေါ်မီရား (ခ) Molly RAJ အသက်(၆၂)နှစ်

**(ယခင် စိန့်မိုက်ကယ်လ်ကျောင်းသူဟောင်း)**

၈-၁၂-၂၀၁၆ရက်(ကြာသပတေးနေ့)က ကွယ်လွန်သွားသော ဒေါ်မီရား (ခ) Molly RAJ ၏နာရေးကိစ္စနှင့်စပ်လျဉ်းပြီး ဘုရားကျောင်းများ၌ ဆုတောင်းပတ္တနာများကျင်းပခဲ့ကြသော ပြင်ဦးလွင်မြို့နယ်၊ ပြွန်တန်ဆာမြို့နယ်၊ မုတ္တမမြို့နယ်၊ မြောင်းမြမြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ဟိန္ဒူဘုရားကျောင်းတော်ဂေါပကအဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှလာရောက်ပြီး လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများနှင့် ကူညီဆောင်ရွက်ပေးကြသူများ၊ လာရောက်နှစ်သိမ့်စကားပြောကြားကြသူများ၊ တယ်လီဖုန်းဖြင့် သတင်းမေးမြန်းကြသူများ၊ ဝမ်းနည်းကြေကွဲကြောင်း ထည့်သွင်းကြေညာသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပို့ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ဦးကျော်ဇင်လတ်(ခင်ပွန်း)**
**အုပ်ချုပ်မှုဒါရိုက်တာ၊ ပုဂံ-မြန်မာအေဂျင်စီ၊ ရန်ကုန်နှင့်**
**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးသူရနေမျိုး

## (ကြည်း-၃၁၂၇၈)

## အသက်(၄၃)နှစ်

OTS (102)မှ ဗိုလ်မှူးသူရနေမျိုးသည် ၃၀-၁၂-၂၀၁၆ ရက် နံနက် ၃း၁၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း သူရနေမျိုး ကောင်းရာသုဂတိလားပါစေ။

**OTS (102) မှ သူငယ်ချင်းများ**

---

## မောင်သန်းထွတ်အောင်(ခ) ပိုးလုံး

**အထက(၆)ဗိုလ်တထောင်**
**ကျောင်းသားဟောင်း**
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ကျီတော်လမ်း၊ ရေကျော်၊ အမှတ် ၂၉နေ ဦး Brain ဇော်မင်း-ဒေါ်အိအိတင်တို့၏ တစ်ဦးတည်းသောသား၊ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ တိုက် ၄၊ အခန်း ၁နေ ဦးတင်ဟို-ဒေါ်ပိုရီတို့၏ သမက်၊ မခင်ရတနာ၏ ချစ်လှစွာသောခင်ပွန်း၊မမေဖူးထွဋ်(KGD အထက-၁၊ ဒဂုံ)၏ချစ်လှစွာသောဖခင်၊ ကိုဇာနည်အောင်၊ မမေသူအောင် (ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)၊ မမေသူဇော် (Myanmar Tourism Marketing ၏ မောင်/အစ်ကို၊ မအင်ကြင်းမေ၏ဦးလေးသည် ၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်သန်းထွတ်အောင်(ခ) ပိုးလုံး

**အထက(၆)ဗိုလ်တထောင်**
**ကျောင်းသားဟောင်း**
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ကျီတော်လမ်း၊ အမှတ် ၂၉၊ ရေကျော်နေ ဦး Brain ဇော်မင်း-ဒေါ်အိအိတင်တို့၏ တစ်ဦးတည်းသောသား၊ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ တိုက် ၄၊ အခန်း ၁နေ ဦးတင်ဟို-ဒေါ်ပိုရီတို့၏ သားသမက်၊ မခင်ရတနာ၏ ချစ်လှစွာသောခင်ပွန်း၊ မမေဖူးထွဋ် (KGD အထက-၁၊ ဒဂုံ)၏ချစ်လှစွာသောဖခင်၊ မသက်သက်မိုး၊ ကိုမျိုးမြတ်ဇော်၊ မမီးနှင်း၊ကိုအောင်ကျော်မိုး-မခင်ဌေး၊ မဇာဇာစိမ့်၊ ကိုဆိုင်းခွန်မြတ်တို့၏မောင်/ညီ၊ မောင်သူလင်းထက်၊ မအိမ်ဆုမေ၊ မရွှေအိမ်၊ မောင်ကောင်းမြတ်တို့၏ ဦးလေးသည် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမြင့်(ဖျာပုံ) အသက်(၈၀)

**စာရင်းစစ်(ငြိမ်း)၊ မြောက်ဥက္ကလာပမြို့နယ်**

ဖျာပုံမြို့နေ(ဦးမောင်တင့်-ဒေါ်ငွေစိန်)တို့၏သမီး၊ သရက်မြို့နေ (ဦးအောင်တင်-ဒေါ်သိန်းညွန့်)တို့၏ချွေးမ၊ မြောက်ဥက္ကလာပမြို့နယ်၊(ဈ)ရပ်ကွက်၊ ဘုမ္မာ ၂လမ်း၊ အမှတ် ၅၅၅နေ ဦးဝင်းမြင့်(စာရင်းစစ်မှူး၊ ငြိမ်း)၏ဇနီး၊ ဦးဇော်သိန်း-ဒေါ်သန္တာလွင် (Myanmar VES)၊ ဦးထွန်းလှမင်း-ဒေါ်ခင်မေလွင်(ဒေါ်ပုံ၊ ထွေ/အုပ်ရုံး)၊ ဦးမင်းဟန်(မင်းဟန်-ဆောက်လုပ်ရေး)၊ ဦးငွေးအောင်-ဒေါ်သင်းသင်း၊ ဦးရန်နောင်(Y-Decoration)-ဒေါ်စန္ဒာအောင်၊ ဦးဇော်သန့်-ဒေါ်စန္ဒာထွေး၊ ဒေါ်မျိုးမျိုးသက်တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃၁-၁၂-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးကြီးကျော်ဝေ(ငြိမ်း)

**ကြည်း-၈၈၆၂၊ OTS (28)**

**အသက်(၇၇)နှစ်**

ရေတာရှည်မြို့နေ(ဦးတင့်-ဒေါ်မြရင်)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြရတနာလမ်းသွယ်၊ အမှတ် ၃၁/၇၇နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ် ၁၀၅နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ဒေါ်ဟသ်ာဝေ(အထက-၂၊ လသာ)၊ ဒေါ်စကားဝါဝေ(ရွှေစကားဝါစာပေ)၊ ဗိုလ်ကြီးမျိုးမင်းထွန်း(ငြိမ်း)-ဒေါ်ယဉ်ကျေးဝေ၊ ဒေါ်ဝတ်မှုံဝေ(ပြင်သစ် ဧည့်လမ်းညွှန်)တို့၏ဖခင်၊ မောင်မင်းဇော်ကို-မအင်ကြင်းသာ(THAYA Engineering Co., Ltd.)၊ မောင်အာကာချစ်ဦး(3rd Engineer,Uniteam Marine)၊ မဧကရီချစ်ဦး (Teaching Assistant,YIS)၊ မောင်မိုးဝေ(တက္ကသိုလ်ဝင်တန်း၊ ပညာမြင့်မိုရ်အထက်တန်းကျောင်း)တို့၏အဘိုးသည် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဦးသောင်းစိန် (မြိတ်)

**အသင်းဝင်အမှတ်(၂၆၂၂)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ၃လမ်း၊ အမှတ် ၁၁၆နေ ဒေါ်မြညွန့်(ခ)ဒေါ်ညွန့်၏ခင်ပွန်းသည် ၃၀-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဦးလီယိုဂက်စာ

**အသက်(၅၉)နှစ်**

ဆွစ်ဇာလန်နိုင်ငံနေ (မစ္စတာဟန်းစ်ဂက်စာ - မစ္စစ် မာရီယွန်ဂက်စာတို့၏သား၊ ဒေါ်နော်မာထွန်းရွှေ၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၃း၄၀နာရီတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဂမုန်းပွင့်ကွန်ဒို၊ အခန်း ၆/ခ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်စွာ

**B.Sc (Botany)**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် ၂၃၊ လေးလွှာ(A)နေ (ဆရာကြီးသခင်ကိုယ်တော်မှိုင်း - ဒေါ်ရှင်)တို့၏မြစ်၊ (ဦးစိန်ညွန့်-ဒေါ်ကင်တီ)၊ (ဒေါ်ကျင်ကျူ)တို့၏မြေး၊ ဒုဗိုလ်မှူးကြီးသူရ(ငြိမ်း)-ဒေါ်ခင်အုန်းလှတို့၏ သား၊ (ဦးသန်းအောင် - ဒေါ်အုန်းမြင့်)တို့၏ သားသမက်၊ (ဦးသီဟ)-ဒေါ်ခင်ငြိမ်းချမ်းတို့၏ညီ၊ ဦးကျော်သူ-ဒေါ်ခင်ရူပ၊ ဦးစောဝင်းထိုလူး - ဒေါ်ယုယသူတို့၏အစ်ကို၊ ဒေါ်ဥမ္မာအောင်(အလယ်တန်းပြ၊ အထက-၂၊ စမ်းချောင်း)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုမွန်လှိုင် (B.Sc Chem)၊ မောင်ဖွဲ့ရန်လင်း(BE-MP)၊ မောင်ကောင်းဆက်လင်း (3rd - MM ရေကြောင်းတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ တူ၊ တူမ ငါးယောက်တို့၏ ဘကြီးသည် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရဟန်းဒါယိကာမကြီး

## ဒေါ်ဝင်း(ခ)ဒေါ်မြမြဝင်း

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်နေ (ဦးလှထွန်း-ဒေါ်သိန်းအေး)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၄၄နေ (ဦးဖိုးမှန်-ဒေါ်ငွေမှုံ)တို့၏သမီးချွေးမ၊ (ဦးနန်းအောင်)-ဒေါ်ဝင်းရီ၊ (ဦးတင်ရှိန်)-ဒေါ်စန်းငွေး၊ (ဦးမောင်ဝင်း)-ဒေါ်မြင့်ခင်၊ ဒေါ်ဖြူဖြူတို့၏အစ်မ၊ မလှဲ့လှဲ့မြင့်အောင်၊ မမေသူမြင့်အောင်တို့၏မိခင်၊ ဦးမြင့်အောင်၏ချစ်လှစွာသောဇနီးသည် ၃၀-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၁၀း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ချို(ခ)ဦးချိုတူး

**အထက(၃)တာမွေ**
**ကျောင်းသားဟောင်း**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၉၃နေ (ဦးထွန်းစိန်)-ဒေါ်လှကြည်တို့၏ သား၊ (ဦးခင်မောင်သန်း-ဒေါ်ခင်မြင့်မြင့်)တို့၏ သားသမက်၊ (ဦးနီ-ဒေါ်မိမိ)၊ (ဦးခင်ညို)-ဒေါ်အုန်းလှ၊ ဦးမောင်မောင်ချို-ဒေါ်မာလာ၊ ဦးဘုန်းမြင့်-ဒေါ်ခင်မာချို၊ ဦးအောင်ကြီး (မြန်မာ့အာမခံ၊ ငြိမ်း၊ အောင်သစ္စာဦး၊ အာမခံကုမ္ပဏီ ကိုယ်စားလှယ်)-ဒေါ်ခင်မြင့် (မြန်မာ့အာမခံ၊ ငြိမ်း၊ FNI မော်လမြိုင်ရုံးခွဲ တာဝန်ခံ)တို့၏မောင်၊(ဦးခင်မောင်လတ်)၊ (ဦးမောင်မောင်)-ဒေါ်ထွေးထွေး၊ ဦးခင်မောင်လေး-ဒေါ်တိုးတိုးအေး၊(ဦးသိန်းထွန်း)-ဒေါ်သီတာ၊ ဦးအောင်နိုင်၊ ဒေါ်ခင်သူဇာ (ကထိက၊ ပထဝီဝင်ဌာန၊ ဘားအံတက္ကသိုလ်၊ ပုလဲဆောင် အဆောင်မှူး)တို့၏အစ်ကို၊ ဒေါ်တိုးသီဂီ [လက်ထောက်ညွှန်ကြားရေးမှူး၊ (စီ/သု)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]၏ ခင်ပွန်း၊ မောင်လှိုင်ဖြိုး-မခင်ပိုးငယ်ငယ်၊ မောင်ဖုန်းသစ်ခန့်၊ မချိုဇင်သက်(စတုတ္ထနှစ်၊ ကိုရီးယားဘာသာဌာန YUFL)တို့၏ဖခင်၊တူ/တူမ ၂၂ယောက်တို့၏ဦးလေး၊ မြေး နှစ်ယောက်တို့၏ အဘိုးသည် ၃၀-၁၂-၂၀၁၆ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ တိုက် ၁၊ အခန်း ၆၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အား/ကာအိမ်ရာ၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ဖောင်းခါးကျေးရွာ

## ဓမ္မိကာရာမကျောင်းတိုက်

## ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တအာစိဏ္ဏ

## သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ဖောင်းခါးကျေးရွာ၊ ဓမ္မိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက ပဝါရဏာဂိုဏ်းချုပ် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တအာစိဏ္ဏသည် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၂ရက်) ၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့) ညနေ ၅း၁၅နာရီတွင် ဓမ္မိကာရာမကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဘဒ္ဒန္တနာရဒ
ပုညသီရိအောင်ချမ်းသာကျောင်း
ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊
တပည့် ဒါယကာ၊ ဒါယိကာမများ

---

## ဒေါ်မြင့်မြင့်ခင်

**ရုံးအုပ်(ငြိမ်း)**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)**
**အသင်းဝင်အမှတ်(ဝ၆၃၂)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဒဂုံသီရိလမ်း၊ ပထမထပ်၊ အမှတ် ၇၇နေ ကန်တော့ခံ ဒေါ်မြင့်မြင့်ခင်သည် ၂၈-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဒေါ်ချိုချိုအောင်

**အထက(၃)ဗဟန်း (ငြိမ်း)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်) စံပြရပ်ကွက်၊ နိဗ္ဗာန်ကျောင်းလမ်း၊ အမှတ်၄၃/ခနေ (ဦးညွန့်အောင်-ဒေါ်မြသန်း)တို့၏သမီး၊ ဒေါ်စိုးစိုးအောင်၊ ဒေါ်ခင်ဆွေငြိမ်း၊ ဒေါ်ညိုညိုအောင်၊ ဒေါ်မာမာအောင်တို့၏အစ်မ၊ ဦးစိုးနောင်၏ချစ်လှစွာသောဇနီး၊ကိုဇော်မျိုးထွန်း-မချိုချိုဝင်း(ခ)မအေးသီရိစိုး၊ ကိုခိုင်မင်းစိုးတို့၏မိခင်သည် ၃၁-၁၂-၂၀၁၆ရက်(စနေနေ့) နံနက် ၁၀း၅၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ချစ်တပည့်အပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်စိုး အသက်(၅၈)နှစ်

**အငြိမ်းစားဗိုလ်ကြီး**
**(တပ်မတော်-ရေ)**

ရန်ကုန်မြို့၊ သမိုင်း၊ (၃)ရပ်ကွက်၊ သာယာအေးလမ်းသွယ်(၃)၊ အမှတ် ၂/ဟနေ (ဦးစိုးလှိုင်-ဒေါ်သန်းနွယ်)တို့၏သား၊ ဒေါ်မာမာစိုး-ဦးထိန်လင်းလေး၊ ဒေါက်တာဝင်းထွန်း-ဒေါက်တာအေးဝင်းဆက်၊ ဒေါ်ညိမ်းညိမ်းစိုး၊ ဦးလှထူးတို့၏အစ်ကိုသည် ၃၀-၁၂-၂၀၁၆ရက် ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁-၂၀၁၇ရက် နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မောင်သန်းထွတ်အောင်(ခ) ပိုးလုံး အသက်(၃၅)နှစ်

**အထက(၆)ဗိုလ်တထောင်**
**ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ကျီတော်လမ်း၊ အမှတ် ၂၉၊ ရေကျော်နေ ဦးဇော်မင်း-ဒေါ်အိအိတင်တို့၏ တစ်ဦးတည်းသောသား၊ မခင်ရတနာ၏ချစ်လှစွာသောခင်ပွန်း၊ မမေဖူးထွဋ် (KGD အထက-၁၊ ဒဂုံ)၏ချစ်လှစွာသောဖခင်၊ (ဦးဝင်းနိုင်)-ဒေါ်မြသွင်၊ ဒုဗိုလ်မှူးကြီး (ရေ/ငြိမ်း) ဦးဇော်လင်း၊ ဒေါ်လှိုင်လှိုင်မြင့်၊ဦးကျော်ဝင်း၊ဒေါ်ခင်မာ၊ဦးအောင်နိုင်၊ ဒေါ်နီလာမြင့်၊ ဦးစိုးအောင်- ဒေါ်စန္ဒာ၊ Capt ခင်ဇော် - ဒေါ်ခင်အေးမူ၊ ဦးမျိုးဦး - ဒေါ်စိုးစိုးတင်၊ Capt အောင်အောင်-ဒေါ်မိမိအောင်တို့၏ တူသည် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့)ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုသလ မဟာထေရ်

**သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ဗထူးရပ်ကွက်၊ ၉လမ်း၊ ထန်းတောပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက (တိုင်းသံဃာ့ဝန်ဆောင်) (နိုင်ငံတော်သံဃသမ္မုတိရ သံဃကိုယ်စားလှယ်) ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) ၂၆-၁၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၁၂ရက်) ၉-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ဈာပနကျင်းပပူဇော်ရေးကော်မတီ
ထန်းတောပရိယတ္တိစာသင်တိုက်
ရေကြည်မြို့

---

## ဦးကိုကြီး (သန်လျင်မြို့)

**ဗဟိုမူလွန်ကျောင်းအုပ်ဆရာကြီး(ငြိမ်း)**

**အသက်(၈၆)နှစ်**

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ (ဦးလှအောင်-ဒေါ်လှယဉ်)တို့၏သား၊ ဗိုလ်ချုပ်ရွာ၊ မကျီးတန်းပိုင်း၊ အမှတ် ၄/၃၇နေ ဒေါ်လှမြင့်(မူလတန်းကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ရွှေ-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဦးမျိုးမြင့်ဇော်-ဒေါ်နန်းစီစီလှိုင်၊ ဦးအောင်မိုးကျော်-ဒေါ်ဥမ္မာဝေ၊ ဦးဇော်ဝင်းနိုင်-ဒေါ်ဆွေဇင်ယု၊ ဦးအောင်ကျော်မြင့်-ဒေါ်နှင်းထက်ထက်လင်း၊ ဦးမြင့်ကို-ဒေါ်သူဇာမျိုးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဗိုလ်ချုပ်ရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

## ဦးထွန်းရှိန်

**(မိတ္ထီလာမြို့နယ်ဥပဒေရုံး၊ ငြိမ်း)**

**အသက်(၈၂)နှစ်**

မိတ္ထီလာမြို့နယ်၊ ရတနာမာန်အောင်ရပ်ကွက်၊ နယ်မြေ(၈)၊ နတ်စင်လမ်း၊ အမှတ် ၄၇၉နေ (ဦးကြင်-ဒေါ်သိန်းညွန့်)တို့၏သား၊ ဒေါ်အမာတင်၏ခင်ပွန်း၊ ဦးငွေးလွင်(ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်၊ နေပြည်တော်)-ဒေါ်ဥမ္မာ၊ ဒေါ်ဝင်းမြင့်(မိတ္ထီလာခရိုင်ဥပဒေရုံး)၊ ဒေါ်တင်တင်ရှိန်(အထက-၁၊ မိတ္ထီလာ)တို့၏ဖခင်၊ မထက်ထက်လှိုင်၊ မောင်ဝေဖြိုးကျော်တို့၏အဘိုးသည် ၃၁-၁၂-၂၀၁၆ရက်(စနေနေ့) နံနက် ၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးသူရနေမျိုး

**(ကြည်း-၃၁၂၇၈)**

**အသက်(၄၃)နှစ်**

ကျိုက်ထိုမြို့နေ (ဦးခွားနား-ဒေါ်နက်)၊ မလှိုင်မြို့နေ (ဦးရွှေစိန်-ဒေါ်ငွေစော)တို့၏မြေး၊ (ဦးဘိန်းချမ်း-ဒေါ်ကျင်ကြည်)၊ (ဦးကျင်ဟုတ်-ဒေါ်ကျင်ပို့)၊ (ဦးကျင်တိုး)၊ ဦးစိန်ဟုတ်-(ဒေါ်ကျင်တီ)၊ ဒေါ်ကျင်ရီ၊ (ဦးကျင်သိန်း)-ဒေါ်ခင်စံပယ်၊ ဦးစိုးကျော်-(ဒေါ်နှင်းကြင်)၊(ဦးတင်ရှိန်)-ဒေါ်စံသီယာ၊ (ဦးဘကွမ်း-ဒေါ်သိန်းညွန့်)၊ (ဦးသန်းထွန်းမြင့်)-ဒေါ်ယဉ်အေး၊ ဦးအုန်းငွေ-ဒေါ်ယဉ်ထွေး၊ ဒေါ်ပွင့်ပွင့်တို့၏တူသည် ၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၃း၁၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ၁၂း၀၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားနာရေစက်ချပြီး စစ်အခမ်းအနားဖြင့် စစ်သင်္ချိုင်း(မင်္ဂလာဒုံ)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးသူရနေမျိုး

**(ကြည်း-၃၁၂၇၈)**

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၂နေ ဦးတင်ထွတ်-ဒေါ်ယဉ်ဝင်းတို့၏သား၊ မန္တလေးမြို့နေ ဦးဘမောင်-(ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်စုလတ်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်လှဲ့လှဲ့ဝင်းထွတ်၏အစ်ကို၊ မရွှန်းလဲ့ခင်၏ဖခင်သည် ၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၃း၁၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ၁၂း၀၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားနာရေစက်ချပြီး စစ်အခမ်းအနားဖြင့် စစ်သင်္ချိုင်း(မင်္ဂလာဒုံ)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဒီဇင်ဘာ ၃၁ ရက် ညပိုင်းမှစတင်ပြီး ရန်ကုန်မြို့ အင်းလျားကန်ပေါင်ပေါ်တွင် ၂၀၁၇ နှစ်သစ်ကူးကြိုဆိုကြသူများနှင့် စည်ကားနေသည်ကို ဤသို့ တွေ့ရသည် (ဓာတ်ပုံ-မင်းထက်)

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေ့လှိုင်းများ၏အရှိန်ကြောင့် ၂-၁-၂၀၁၇ ရက်မှ ၅-၁-၂၀၁၇ ရက်အတွင်း ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

စာမျက်နှာ - ၁၆၊ ၁၇



# ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကားစပြုလာသည့် နယ်စပ်မြို့ကော့သောင်း

**ကျော်စိုး (ကော့သောင်း)**

**ကော့သောင်း ဒီဇင်ဘာ ၃၁**

မြန်မာ့ပိုင်နက်မြေ တနင်္သာရီတိုင်းဒေသကြီး၏အစွန်အဖျားမြို့ သာယာကြည်နူးဖွယ် ပင်လယ်သဘာဝကျွန်းအလှအပများဖြင့် မြင်ရသူတိုင်း ရင်သပ်ရှုမောဖွယ် အပြောကျယ်လှသည့် မြန်မာ့ပိုင်နက်ရေပင်လယ်ပြင်ရှိရာ ကော့သောင်းမြို့၌ ပွင့်လင်းရာသီ ယခုဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်ကာလအတွင်း အလည်အပတ်လာရောက်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားစပြုလာသည်ကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တွေ့မြင်ရသည်။

ဒီဇင်ဘာလတတိယရက်သတ္တပတ် နောက်ပိုင်း ကော့သောင်းမြို့တွင် ယခင်နှစ်များနှင့်မတူ ထူးကဲစွာပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိရာ ပြည်တွင်းခရီးသွားဧည့်သည်အများစုမှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် တွေ့မြင်ရခဲသည့် သဘာဝအနေအထားမပျက်မယွင်း လှပစွဲမက်ဖွယ် ပင်လယ်ကျွန်းများ၏ သဘာဝအလှအပများကို လေ့လာမှတ်တမ်းတင်ခြင်း၊ ကျွန်းများပေါ်ရှိဟိုတယ်များ၊ ရီဆော့များတွင် အပန်းဖြေခြင်း၊ ရေကူးခြင်း၊ အနားယူခြင်းဖြင့် ကော့သောင်းခရိုင် အက်ဒမန်ပင်လယ်ပြင်အတွင်းရှိ သူ့ဌေးကျွန်း၊ ခရင်းခွကျွန်း၊ မြင်းခွာကျွန်း၊ အသည်းပုံကျွန်း (ကြက်မောက်ကျွန်း)၊ ငှက်သိုက်ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ၁၁၅ ကျွန်း၊ မကြုံဂလက် ဗိုလ်ချိုကျွန်း၊ ညောင်ဝိကျွန်းများသို့ လာရောက်လည်ပတ်အနားယူကြခြင်းဖြစ်သည်။



ပြည်ပခရီးသွား ဧည့်သည်များအနေဖြင့် ကမ္ဘာအရပ်ရပ်ရှိ လွန်စွာလှပသည့် ပင်လယ်ကမ်းရိုးတန်းဒေသပိုင်ဆိုင်သည့်

*စာမျက်နှာ ၅ ကော်လံ ၁* ●

ဂုဏ်ထူးဦးသိန်းနိုင် ရွှေစင်ဆုနှင်းသဘင်ကြီး ကျေးဇူးမော်ကွန်း

၂၀၁၆ နိုဝင်ဘာ ၂၇ ရက်နေ့က Asia Plaza Hotel ကြီးတွင် ကျင်းပပြီးစီးခဲ့သော **"၃၇ ကြိမ်မြောက် မြန်မာစာဂုဏ်ထူးရှင်ရွှေစင်ဆုနှင်းသဘင်"** တွင် တက်ရောက်ဆုယူခဲ့ကြသော
**ဘာသာစုံ ဂုဏ်ထူးရှင် (၄၅)ဦး၊ (၅)ဘာသာ ဂုဏ်ထူးရှင်(၅၁)ဦး နှင့်** (၄) ဘာသာ၊ (၃) ဘာသာ၊ (၂) ဘာသာ၊ (၁) ဘာသာ ဂုဏ်ထူးရှင်ပေါင်း တပည့်ရင်း၊ တပည့်ချစ် **မြန်မာစာဂုဏ်ထူးရှင် (၁၇၀)** တို့အားလည်းကောင်း၊
**တစ်နိုင်ငံလုံး မြန်မာစာရမှတ်အများဆုံး ပထမဆုရှင် တပည့်ရင်း မထက်ယမင်းအောင် (၈၅) မှတ် (၂၀၁၆)၊ မသော်သော်ဟန် (၈၃) မှတ် (၂၀၁၅)၊ ဒုတိယဆုရှင် မသည်းမြတ်အောင် (၈၄) မှတ် (၂၀၁၆)** တို့အားလည်းကောင်း၊
တစ်နိုင်ငံလုံး ဘာသာစုံရမှတ်အများဆုံး **Top Ten ပထမဆုရှင် မထက်ယမင်းအောင်၊ မသော်သော်ဟန် (စတုတ္ထ)၊ မသည်းမြတ်အောင် (စတုတ္ထ)** ဆုရှင်များနှင့် မိဘနှစ်ပါးတို့အားလည်းကောင်း၊
၂၀၁၆ ဒီဇင်ဘာ ၄ ရက်နေ့က Asia Plaza Hotel ကြီးတွင် ကျင်းပခဲ့သော **"ဂုဏ်ထူးဦးသိန်းနိုင်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပညာရေးဘော်ဒါ" အာစရိယပူဇော်ပွဲကြီးနှင့် ပညာရည်ချွန်ဆုပေးပွဲကြီး** တွင် ချီးမြှင့်ခံခဲ့ရသော
**ဘာသာစုံဂုဏ်ထူးရှင် မောင်ထန်ဟောက်ဆုမ်း (တစ်နိုင်ငံလုံး ဇီဝဗေဒ ပထမ)၊ ငါးဘာသာဂုဏ်ထူးရှင် မောင်လျှမ်းထက်အောင်၊ မစောရတနာလှိုင်၊ မောင်ကောင်းမြတ်ကျော်နှင့် လေးဘာသာဂုဏ်ထူးရှင် မောင်ထင်လင်းအေး၊ မောင်ဝင်းသီဟ မောင်သူရဇော်၊ မောင်သန့်ထူးအောင်** အပါအဝင် ဂုဏ်ထူးရှင်ပေါင်း (သုံးဆယ့်ငါးဦး) တို့နှင့် မိဘနှစ်ပါးတို့အားလည်းကောင်း၊ ဂုဏ်သရေရှိ မင်းပရိတ်သတ်များရှေ့မှောက်တွင် ဆုတော်ငွေ (၉) သိန်း၊ (၆) သိန်း၊ (၅) သိန်း၊ (၃) သိန်းမှစ၍
အသီးသီး ချီးမြှင့်ခံခဲ့ရသည့် တပည့်ရင်း (၂၀၀) ကျော်တို့အား လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း အသည်းထဲ၊ ရင်ထဲမှ မော်ကွန်းရေးထိုးပါသည်။ ဂုဏ်ထူးဦးသိန်းနိုင်၊ ဂုဏ်ထူးရတနာ ဒေါ်ကြည်ကြည်တင်